# ကြေးမုံ
# The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ရက်၊ တနင်္လာနေ့၊ (21-6-2004) (၄၂၇၁)


**ပုဗ္ဗေ စ ကတ ပုညတာ၊ တေံ မင်္ဂလ မုတ္တမံ။**

**ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။**

**ရာသီဥတုခန့်မှန်းချက်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ချီးမြှင့်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသည့် ဆွမ်းဆန်နှင့် ဆီတို့ကို ဓမ္မေသကသီလရှင်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဘွားလေး ဒေါ်ဓမ္မေသီထံ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၀

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။**

### ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။**

၂၁-၆-၂၀၀၄
(တနင်္လာနေ့)

# ပြည်ထောင်စုကြီး ထည်ထည်ဝါဝါရပ်တည်နိုင်ရေး တိုင်းရင်းသားပြည်သူများအားလုံးပူးပေါင်းကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် စည်းလုံးညီညွတ်စွာနေထိုင်သည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နယ်စွန်နယ်ဖျား နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရာ၌ အခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကိုသာမက အခြားစီးပွားရေးကဏ္ဍများ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျ စီမံလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံကောင်းများကို တည်ဆောက်ပေးရင်း အခြားတစ်ဖက်ကလည်း စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ပိုင်ခွင့်အခွင့်အလမ်းများကို ခွင့်ပြုအားပေး ကူညီလျက်ရှိသည်။

ထို့ကြောင့် တိုင်းရင်းသား ပုဂ္ဂလိက လယ်ယာလုပ်ငန်းရှင်များ၊ တည်ဆောက်ရေးလုပ်ငန်းရှင်များ၊ ဆီအုန်းလုပ်ငန်းရှင်များ၊ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များစသည့် ပုဂ္ဂလိက စီးပွားရေးအင်အားသစ်များ ပေါ်ထွက်လာသည်ကို တွေ့ရသည်။ စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများ ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။

နိုင်ငံတော်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍပါ တစ်ပြိုင်တည်းဖွံ့ဖြိုးလာစေရန် ပုဂ္ဂလိက စက်မှုကဏ္ဍကိုလည်း အားပေးလျက်ရှိသည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ ကလေး စက်မှုဇုန်များအပါအဝင် ပုဂ္ဂလိကစက်မှုဇုန် ၁၉ ဇုန်အထိ ဖြစ်ပေါ်လာသည့်အပြင် စက်မှုဇုန်ခွဲများလည်း ထပ်မံပေါ်ထွက်လျက်ရှိသည်။ ထိုမျှမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ကိုင်လျက်ရှိသော သီးခြားစက်မှုဇုန်များလည်း ရှိနေကြောင်း တွေ့ရသည်။

ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တိုင်းရင်းသားပြည်သူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အင်ပြည့်အားပြည့် လက်တွဲပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၁၄ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့သို့ ရောက်ရှိစဉ် မုံရွာမြို့ မြို့တော်ခန်းမ၌ သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ၌ နိုင်ငံသူ နိုင်ငံသားတို့၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေးတို့အတွက် ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူအားလုံး တစည်းတလုံးတည်း တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း** မှာကြားခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ အနာဂတ်ခိုင်မာစေရေး၊ ပြည်ထောင်စုကြီးအခွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးတို့အတွက် နိုင်ငံတော်၏ အခြေအနေများနှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး ဘက်စုံကဏ္ဍစုံက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အခွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ကြွသော အားမာန်၊ ခိုင်မာမြဲမြံသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဝါသနာပါရာအားကစားများ လေ့ကျင့် ကုန်ပစ္စည်းဆိုင်များ ပိတ်ရက်မရှိရောင်းချပေး

**ရန်ကုန် ဇွန် ၂၀**

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည်နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ခြင်းနှင့် မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန“ဝင်းသူဇာ”အရောင်းဆိုင်မှ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ စက်ရုံများမှ ထုတ်လုပ်သည့် စားကုန်၊ လူသုံးကုန်၊ ဆေးဝါး၊အလှကုန်၊အဝတ်အထည်နှင့် စာရေးကိရိယာပစ္စည်းများကို လည်းကောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်ကလည်း စားသုံးကုန်၊လူသုံးကုန်၊အထည်အလိပ်၊ စာရေးကိရိယာနှင့် လျှပ်စစ်ပစ္စည်းများကိုလည်းကောင်း နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အလားတူ ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများဦးစီးသော မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့မျက်စိစမ်းသပ်ပေးခြင်း၊ မျက်မှန်များ ရောင်းချပေးခြင်းတို့ကို လည်းကောင်း၊ စာပေဗိမာန် စာအုပ်ဆိုင်ကလည်း ညီလာခံကိုယ်စားလှယ်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတရသစာအုပ်များငှားရမ်းခြင်း၊ စာပေဗိမာန်စာမူဆုရ စာအုပ်များကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်ကလည်း သန့်ရှင်းလတ်ဆတ်သည့်အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ပျားရည်နှင့် ပျားရည်ထွက်ပစ္စည်းများ၊ စည်သွတ်ဘူးများကို ရောင်းချပေးလျက်ရှိသည်။

ညီလာခံ ကိုယ်စားလှယ်များ၏ အဝတ်အထည်များကို လျှော်ဖွပ်ခြင်း၊ မီးပူတိုက်ခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

**အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် နေ့စဉ်ကုန်ပစ္စည်းအရောင်းဆိုင်များကို ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများနှင့် မိမိတို့ဝါသနာပါရာ အားကစားများကို လေ့ကျင့်ပြုလုပ်ကြစဉ်။ (သတင်းစဉ်)

## ရွှေပြည်သစ်ဆီ လှမ်းတက်ချီ

* ကိုယ့်အင်ကိုယ်အား၊ ကိုယ်ကိုးစား၍၊
ကိုယ့်ဓားကိုယ်သွေး၊ ကိုယ့်ရေးကိုယ်ပွန်၊
ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ဖောက်၊
ကိုယ်တိုင်လျှောက်မှ၊
မကောက်မကွေ့၊ လမ်းမှန်တွေ့မည်၊
ချမ်းမြေ့ရွှေပြည် ဒို့ဦးတည်။

* ထောင်ချောက်ကိုဆင်၊ ပိုက်ကိုပြင်လျက်၊
လမ်းထွင်မြှူဆွယ်၊ ပရိယာယ်ကို၊
စိတ်ဝယ်သတိ၊ အမြဲရှိမှ၊
မငြိနှောင်ကင်း၊ လောင်းရိပ်ရှင်းသည့်၊
ပြည်တွင်းချုပ်ခြာ၊ ခွင့်အာဏာသည်၊
ကမ္ဘာဆုံးတိုင် တည်နိုင်မည်။

* “မြှူချော့”“ခြိမ်းခြောက်”၊ “ပင့်မြှောက်”“ဆို့ပိတ်”၊
“စုံမှိတ်စွပ်စွဲ၊ “သွေးခွဲ”“သပ်လျှို”၊
“ရန်လို”“စွက်ဖက်”၊ အဖျက်အန္တရာယ်၊
အသွယ်သွယ်မှ၊ ကာကွယ်နိုင်မည်၊
မြဲသတိနှင့်၊
မျက်စိကိုဖွင့်၊ နားကိုစွင့်၍၊
အသင့်နိုးကြား၊ ပြည်တွင်းအားဖြင့်၊
ဖယ်ရှားတွန်းလှန်၊ တွင်းပရန်ကို၊
မကျန်အမြစ်၊ တူးဖြိုပစ်မည်၊
ပြည်သစ်ဆီသို့၊ လှမ်းတက်ချီ။ ။

**ရာသန်း(မန်းတိုင်း)**

## ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင် ပြသဖျော်ဖြေ

**ရန်ကုန် ဇွန် ၂၀**

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည၇နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ အောင်ကျော်ဦး ရိုက်ကူးပြီး သရုပ်ဆောင်နေအောင်၊ မို့မို့မြင့်အောင်၊ကျော်သက်၊ စုဒါလီတို့ပါဝင်သရုပ်ဆောင်ထားသည့် “ချစ်ရည်းစား” ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

## မန္တလေးမိုး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။**

# ကန်တပ်ဖွဲ့ဝင်များကို အိုင်စီစီတွင် တရားစွဲဆိုမှုမှ ကင်းလွတ်ခွင့် မပေးသင့်ဟု ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ ဇွန် ၁၉

**ကုလသမဂ္ဂက ခွင့်ပြုထားသော သို့မဟုတ် ကုလသမဂ္ဂကိုယ်တိုင် ပါဝင်လုပ်ကိုင်နေသော ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် အမေရိကန်စစ်တပ်ဖွဲ့များကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံး(အိုင်စီစီ)တွင် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်မပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က လုံခြုံရေးကောင်စီကို တိုက်တွန်းပြောကြားခဲ့သည်။**

**မီးလောင်ပျက်စီး**

**ဇွန် ၁၉ ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမတွင် တိုက်ခိုက်ခံရသဖြင့် မီးလောင်လျက်ရှိသည့် ထရပ်ကားတစ်စီးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

လွန်ခဲ့သော နှစ်နှစ်ကလည်း မိမိသည် အဆိုပါကိစ္စနှင့် ပတ်သက်၍ ခွင့်မပြုရန် ပြင်းပြင်းထန်ထန် ပြောကြားခဲ့သည်။ အီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းထောင်တွင် ဖြစ်ပေါ်ခဲ့သော အကျဉ်းသားများ နှိပ်စက်မှုဖြစ်ရပ်ကို ထောက်ရှုလျှင် သက်ဆိုင်ရာနိုင်ငံ အနေဖြင့် အိုင်စီစီတွင် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စကို တောင်းဆိုခြင်းသည် ပြုလုပ်အပ်သော ကိစ္စဖြစ်သည်ဟု မိမိယူဆခြင်း မရှိဟု ကိုဖီအာနန်က ပြောကြားသည်။

အထက်ပါစကားများ ပြောကြားရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တို့ ထိန်းချုပ်ထားသော အဘူဂါရိပ် အကျဉ်းထောင်ရှိ ဆိုးရွားလှသော အဖြစ်အပျက်များကို ရည်ညွှန်း၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်စစ်ဘက်က ပြီးခဲ့သောလအတွင်းတွင် အကျဉ်းသားနှိပ်စက်မှုကိစ္စများကို စုံစမ်းစစ်ဆေးခဲ့သည်။ ထိုစစ်ဆေးခဲ့သည့် ကိစ္စများကို အမေရိကန် မီဒီယာများမှတစ်ဆင့် လူထုသို့ အသိပေးခဲ့ပြီးဖြစ်သည်။

အထက်ပါ အခြေအနေမျိုးများ ဖြစ်ပေါ်နေပါလျက်နှင့် မိမိ၏ တပ်ဖွဲ့များကို အိုင်စီစီ တရားရုံးတွင် စွဲဆိုခွင့်မှ ကင်းလွတ်ခွင့်ပေးရန် တောင်းဆိုသော ကိစ္စသည် ဆင်ခြင်တုံတရားနည်းပါးရာ ကျပေသည်။ အကယ်၍သာ ထိုတောင်းဆိုမှုကို သဘောတူ ခွင့်ပြုပေးခဲ့လျှင် ခွင့်ပြုပေးသူသည် တောင်းဆိုသူထက်ပင် ပို၍အဆင်အခြင်နည်းပါးရာ ကျပေသေးသည်ဟု အာနန်က ဆိုသည်။

တရားဥပဒေလိုက်နာမှုတွင် အခြေခံထားရမည့် အဖွဲ့အစည်း၊ဥပဒေစိုးမိုးမှုကို ကိုယ်စားပြုရမည့် အဖွဲ့အစည်းမျိုးက အိုင်စီစီတွင် စွဲဆိုပိုင်ခွင့်ကို ကင်းလွတ်ခွင့် ပေးထားလိုက်မည်ဆိုလျှင် ကုလသမဂ္ဂအဖွဲ့အတွက်ရော၊ လုံခြုံရေးကောင်စီအတွက်ပါ သိက္ခာကျ ဂုဏ်ရည်ညှိုးနွမ်းစရာဖြစ်ပေသည်ဟု အာနန်က သတိပေးစကား ပြောကြားခဲ့သည်။

အမေရိကန် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတွင် စီရင်ခြင်းမှ ကင်းလွတ်ခွင့် ပေးရန်ကိစ္စကို အမေရိကန်ပြည်ထောင်စုက ဖိအားပေးတောင်းဆိုခဲ့သည်။ ထိုသို့ ခွင့်ပြုပေးရန် ပြီးခဲ့သောနှစ် ဇူလိုင်လအတွင်းက အမေရိကန်သည် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအပေါ် ဖိအားပေးခဲ့သည်။

သို့ရာတွင် အမေရိကန်သည် ၎င်းတို့ တင်ပြခဲ့သော တရားစွဲဆိုခွင့်ကင်းလွတ်ရေးကိစ္စကို ယခုလ စောစောပိုင်းက ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များကို တရားစွဲဆိုခွင့်မှ ကင်းလွတ်ခွင့်ပေးကြောင်း ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၁၄၂၂ဖြင့် အတည်ပြုပေးခဲ့သည်။ ထိုစဉ်က အမေရိကန်တို့၏ လိုလားချက်အတိုင်း ဆုံးဖြတ်မပေးလျှင် ကုလသမဂ္ဂ၏ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များ ချထားရေးကိစ္စကို တစ်ခုပြီးတစ်ခု ဗီတိုအာဏာသုံး၍ ပယ်ချသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်ဟု ဆိုသည်။

ယခုအခါ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၉၈နိုင်ငံ ပါဝင်ထားပြီးဖြစ်သည်။ ထိုတရားရုံးသည် ၂၀၀၃ ခုနှစ် မတ်လမှစ၍ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်သည်။ လူသတ်မှုများ၊ လူသားများအပေါ် ကျူးလွန်သော ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများကို သက်ဆိုင်ရာနိုင်ငံ တရားရုံးများက လက်ခံကြားနာရန် မလိုလားသောအခါ သို့မဟုတ် လက်ခံကြားနာနိုင်သော အခြေအနေမရှိသောအခါ အိုင်စီစီတရားရုံးက လက်ခံကြားနာ စစ်ဆေးမည်ဖြစ်သည်။ ထို့အပြင် ၎င်းသည် ပထမဆုံးအတည်ပြုထားသည့် အမြဲတမ်းတရားရုံးလည်း ဖြစ်ပေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန်သည် အီရတ်စစ်ပွဲပြဿနာအပေါ် နိုင်ငံရေးအရ လှည့်ဖြားနေမည့်အစား အမှန်တရားကိုရင်ဆိုင်ကာ ဖြေရှင်းသင့်ဟု တရုတ်သတင်းစာဝေဖန်ရေးသား

**ပေကျင်း ဇွန် ၁၉**

အမေရိကန်အစိုးရသည် အီရတ်စစ်ပွဲပြဿနာအပေါ် နိုင်ငံရေးလှည့်စားနေမှု ပြုလုပ်နေမည့်အစား အမှန်တရားကို ရင်ဆိုင်ကာ ဖြေရှင်းသင့်ကြောင်း ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် တရုတ်ပြည်သူ့နေ့စဉ် သတင်းစာ ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်။

**— ဖော်ပြ —**

အမေရိကန် စစ်ထောက်လှမ်းရေးအပေါ် နိုင်ငံတကာက ယုံကြည်ကိုးစားမှုမရှိဖြစ်နေစဉ် အမေရိကန်အစိုးရက အမှန်တရားကို ကိုယ်ကြိုက်သလို အဓိပ္ပာယ်ဖွင့်ဆိုပြီး နိုင်ငံရေးလှည့်စားနေမှု ပြုလုပ်နေမည့်အစား လက်တွေ့အမှန်တရားကို ချဉ်းကပ်ကာ ကမ္ဘာ့ပြည်သူလူထု၏အကျိုးကို မျှော်ကိုး၍ ဖြေရှင်းသင့်ကြောင်း ယင်းဆောင်းပါးတွင် ဖော်ပြထားသည်။

**— တရားမျှတ —**

လက်တွေ့အမှန်တရားဟု ဆိုရာတွင် အမေရိကန်ပြည်ထောင်စုက ဆက်ဒမ်ဟူစိန်အစိုးရအား ဖြုတ်ချရန်အတွက် အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှုသည် တရားမျှတကြောင်း ပြသသည့်အနေဖြင့် အီရတ်တွင် လူအစုလိုက် အပြုံလိုက် သေစေနိုင်သည့် အဖျက်လက်နက်များ ပိုင်ဆိုင်ပြီး အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် ဆက်နွယ်လျက်ရှိသည်ဟု ဆုံးဖြတ်မှုပင်ဖြစ်ကြောင်း ဆောင်းပါးတွင် ဖော်ပြထားသည်။

သမ္မတဟောင်း ဆက်ဒမ်ဟူစိန်က အမေရိကန်ပြည်ထောင်စုအား ပစ်မှတ်ထားတိုက်ခိုက်ရန်အတွက် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုကို အကူအညီပေးကြောင်းနှင့် စပ်လျဉ်း၍လည်း ယုံကြည်လောက်ဖွယ်ရာ သက်သေအထောက်အထားများကို ရှာမတွေ့ခဲ့ကြောင်း ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးနေသည့် အမေရိကန် ကော်မရှင်တစ်ရပ်၏ အစီရင်ခံစာအရ သိရသည်။

**— မရှိခဲ့ —**

အမေရိကန် ပြည်ထောင်စုအား အီရတ်နှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့ ပူးပေါင်းတိုက်ခိုက်ခဲ့သည့် ယုံကြည်လောက်သော အထောက်အထားများ မရှိခဲ့ကြောင်း ယင်း၏ အစီရင်ခံစာတွင် ပါရှိသည်။

ဆက်ဒမ်ဟူစိန်က ၎င်းပိုင်ဆိုင်ခဲ့သည့် အဖျက်လက်နက်များကို အကြမ်းဖက်သမားများအား ပေး၊မပေးနှင့်ပတ်သက်၍ လုံလောက်သော အထောက်အထားများကို ဘုရှ်အစိုးရက စုဆောင်းမရရှိခဲ့ကြောင်း ဖော်ပြပါ ဆောင်းပါးက ရေးသားထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဇွန် ၁၉ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီတီးခရိုင် လမ်းမများပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်ဆန္ဒပြနေသည့် အီရတ်အမျိုးသမီးများကိုတွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

## ကြေးမုံ နိုင်ငံတကာ သတင်းများ

# အီရတ် အကျဉ်းသားများထံမှ သတင်းများညှစ်ယူရန် အိမ်ဖြူတော်၊ ပင်တဂွန်နှင့် စီအိုင်အေတို့က ဖိအားပေးခဲ့

**ဝါရှင်တန် ဇွန် ၁၉**

အီရတ်အကျဉ်းသားများထံမှ သတင်းအချက်အလက်များ ရရှိနိုင်သမျှ ရရှိအောင် ညှစ်ထုတ်ယူရန် အိမ်ဖြူ၊ ပင်တဂွန်ဌာနချုပ်နှင့် အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)ထံမှ ဖိအားပေးမှုကို ခံခဲ့ရကြောင်း ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်တွင် တာဝန်ကျခဲ့သည့် အမေရိကန် ထိပ်တန်း စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအရာရှိတစ်ဦးက အစစ်ဆေးခံခဲ့ကြောင်း အမေရိကန်သတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာ ရိုက်စ်၏ လက်ထောက်တစ်ဦးသည် အကျဉ်းသားများ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သတင်းအစီရင်ခံရေးကိစ္စတို့ကို ဆွေးနွေးရန် အဘူဂါရိပ်အကျဉ်းထောင်သို့ နိုဝင်ဘာလက သွားရောက်ခဲ့ကြောင်း စစ်တပ် စုံစမ်းစစ်ဆေးရေးမှူးများထံ ကျမ်းကျိန်တင်ပြချက်တွင် စတီဗင်ဂျော်ဒန်က ပြောကြားသည်။ ၎င်းသည် ဒုတိယဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။

စက်တင်ဘာ ၁၇ရက်မှ ဒီဇင်ဘာ၂၂ရက်အထိ အဘူဂါရိပ်အကျဉ်းထောင်တွင် တာဝန်ကျခဲ့စဉ်အတောအတွင်း အကျဉ်းထောင်အတွင်းမှ ထောက်လှမ်းရေး သတင်းအချက်အလက်များ ပိုမိုရရှိရန် လိုအပ်ကြောင်းကို မိမိအားကြိမ်ဖန်များစွာ သတိပေးခဲ့ကြောင်း ဂျော်ဒန်က စုံစမ်းစစ်ဆေးရေးမှူးများကို ပြောကြားခဲ့သည်။

ဂျီနီဗာကွန်ဗင်းရှင်းများကို ချိုးဖောက်ကာ အီရတ်အကျဉ်း သားများကို အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံများ၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့သွားသည့်အခါ ဆက်ဒမ်ဟူစိန်လက်ထက်က ကြောက်စရာကောင်းခဲ့သည့် အဘူဂါရိပ်အကျဉ်းထောင်သည် နာမည်ဆိုးဖြင့် နာမည်ထပ်မံကျော်ကြားသွားခဲ့သည်။ ***အင်တာနက်။***

# အီရတ်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးထောင်ဗုံးများ ပေါက်ကွဲ ပေါ်တူဂီအစောင့်တစ်ဦးနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံး

**ဘာဆာရာ(အီရတ်) ဇွန် ၂၀**

အီရတ်နိုင်ငံတောင်ပိုင်းတွင် စနေနေ့က လမ်းဘေးထောင်ဗုံးများ ပေါက်ကွဲမှုကြောင့် ပေါ်တူဂီလူမျိုး လုံခြုံရေးအစောင့် တစ်ဦးနှင့် အီရတ်ရဲတပ်ဖွဲ့တစ်ဦးတို့ သေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၏ အနောက်ဘက် အဝေးပြေးလမ်းမပေါ်တွင် ပေါ်တူဂီလူမျိုးအစောင့်တစ်ဦး၏ ကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုတွင် ထိမှန်ခံရသည့် ကားမှာ အီရတ်ရေနံလုပ်ငန်းအား ကာကွယ်စောင့်ရှောက်ပေးသည့် လုံခြုံရေးအစောင့်များ အသုံးပြုလေ့ရှိသည့် ကားအမျိုးအစားဖြစ်သည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ အဓိက ရေနံပိုက်လိုင်းနှစ်ခုတိုက်ခိုက်ခံခဲ့ရသည့်အတွက် အီရတ်ရေနံတင်ပို့မှုမှာ ဆိုးဆိုးရွားရွား ကျဆင်းခဲ့ရသည်။

***(အမ်အင်အေ၊ ရိုက်တာ)***

# အမေရိကန်အား နိုင်ငံတကာ ရာဇဝတ် တရားရုံး၌ ကင်းလွတ်ခွင့်ပြုမည်ဆိုပါက လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို တရုတ် မဲမပေးဟု ပြောကြား

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

ကုလသမဂ္ဂ ဇွန် ၁၉

**နိုင်ငံတကာ ရာဇဝတ်ပြစ်မှုတရားရုံး(အိုင်စီစီ)တွင် အမေရိကန်နိုင်ငံအား ကင်းလွတ်ခွင့် ပေးထားသည့် ဆုံးဖြတ်ချက်ကို မဲမပေးဘဲနေမည်ဖြစ်ကြောင်း တရုတ်ပြည်က သောကြာနေ့တွင် ပြောကြားလိုက်ရာ အမေရိကန်ပြည်ထောင်စုအဖို့ ယင်းဆုံးဖြတ်ချက်ကို အတည်ပြုမှုရယူရန် ထောက်ခံမဲ လျော့နည်းဖွယ်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

အဆိုပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် မဲမပေးဘဲနေမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့နှင့်အတူ နေ့လယ်စာ စားသုံးပြီးနောက် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဂန်ယာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**မှားယွင်းမှုဖြစ်လိမ့်မည်**

အီရတ် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု အရှုပ်တော်ပုံ ဖြစ်ပေါ်နေသည့် အချိန်တွင် အဆိုပါ ဆုံးဖြတ်ချက်သည် မှားယွင်းမှုဖြစ်လိမ့်မည်ဖြစ်ကြောင်း ဝမ်က စောစောပိုင်းတွင် ပြောကြားခဲ့သည်။

**ယူဆ**

တရုတ်ပြည်က မဲမပေးဘဲနေလျှင် ဆုံးဖြတ်ချက်တစ်ရပ် အတည်ပြုရန် လိုအပ်သည့် ထောက်ခံမဲ ကိုးမဲရရှိရန် ဘုရှ်အစိုးရအဖို့ လျော့နည်းသွားစေနိုင်သည်။ ယခုအထိ ဗြိတိန်၊ ရုရှား၊ အင်ဂိုလာနှင့် ဖိလစ်ပိုင်တို့သည် ဆုံးဖြတ်ချက်ကို သေချာပေါက် ထောက်ခံလိမ့်မည်ဟု ယူဆရသည်။

**ပြစ်တင်ပြောကြား**

အဆိုပါဆုံးဖြတ်ချက်သည် မှားယွင်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ယုံကြည်ကိုးစားမှု ကင်းမဲ့စေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့တွင် ပြစ်တင်ပြောကြားပြီးနောက် အခြား ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်နိုင်ငံများအားလုံးက မဲမပေးဘဲနေရန် စဉ်းစားမည်၊ သို့မဟုတ် မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေနိုင်သည်။

**အခြေအနေ**

အဆိုပါ ဆုံးဖြတ်ချက်သည် အထူးသဖြင့် ယခုလိုအချိန်မျိုး၌ ကံမကောင်းအကြောင်းမလှသည့် အခြေအနေမျိုးကို ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဖြန့်ဝေထား**

ကိုဖီအာနန်သည် အဆိုပါ ကင်းလွတ်ခွင့် ပေးမှုအား သက်တမ်းမတိုးရန် အပြင်းအထန် တိုက်တွန်းထားသည့် ပန်ကြားလွှာကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများသို့ သောကြာနေ့က ဖြန့်ဝေထားသည်။

ကင်းလွတ်ခွင့်ကို သက်တမ်း ထပ်မံတိုးချဲ့မှုသည် နိုင်ငံတကာရေးရာများ၌ ဥပဒေစည်းမျဉ်းများကို အားပေးထောက်ခံရန် လုံခြုံရေးကောင်စီ အပါအဝင် ကုလသမဂ္ဂ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ဖီလာဆန့်ကျင်မှု ပိုမိုဖြစ်စေမည်ဟု ကိုဖီအာနန်က ယူဆထားကြောင်း ပန်ကြားလွှာတွင် ဖော်ပြထားသည်။

**အားထုတ်ကြိုးပမ်း**

အီရတ်နိုင်ငံကဲ့သို့သော ကုလသမဂ္ဂက ခွင့်ပြုထားသော စစ်ဆင်မှုနှင့် ပတ်သက်သည့် စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ အမှုထမ်းများအား အိုင်စီစီ၌ ရုံးတင်စစ်ဆေးမှုမှ ကင်းလွတ်ခွင့်ပြုသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို သက်တမ်းတိုးချဲ့ရန်အတွက် အမေရိကန်ပြည်ထောင်စုက တတိယမြောက်နှစ်အဖြစ် အားထုတ်ကြိုးပမ်းလျက်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***

ဇွန် ၁၇ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ဘာကူဘာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အီရတ်လက်နက်ကိုင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်တွင် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ရန် ကြားဖြတ်အစိုးရအဖွဲ့ သုံးသပ်စဉ်းစား

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ၏ ဘေးအန္တရာယ်အပြွမ်းတီးဆုံး နယ်မြေဒေသများတွင် စစ်အုပ်ချုပ်ရေးအမိန့်ကို ယာယီထုတ်ပြန်ရန် သင့်၊မသင့် ကြားဖြတ်အစိုးရအဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး ဟာဇန်ရှာလန်က သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ကားဗုံးပေါက်ကွဲမှု နှစ်ခုကြောင့် လူပေါင်း ၄၁ ဦး သေဆုံးခဲ့ရပြီးနောက် ကြားဖြတ်အစိုးရအဖွဲ့က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

**ဆုံးဖြတ်ရဖွယ်**

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက စစ်အုပ်ချုပ်ရေးအမိန့်ကို ပြဋ္ဌာန်းရန် ဆုံးဖြတ်ရဖွယ်ရှိကြောင်း ဝန်ကြီးရှာလန်က ပြောကြားသည်။

အီရတ်တွင် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ရေးကိစ္စကို အမေရိကန်တပ်ဖွဲ့နှင့် အလေးအနက် ဆွေးနွေးခြင်း မရှိသေးကြောင်း အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မူဝါဖာရိုဘေက ဖိုင်နန်ရှယ်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

**လိုအပ်**

အီရတ်အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် ဥပဒေအရ အခြေခံဖြစ်သော ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အရေးပေါ်လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားခြင်း မရှိသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ရေးအတွက် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်သည်။

စစ်အုပ်ချုပ်ရေးအမိန့် ကျင့်သုံးရေးဆိုင်ရာ ဥပဒေသစ်ကို လုပ်ပိုင်ခွင့်အာဏာများကို အများအပြား အပ်နှင်းထားမည် မဟုတ်ဘဲ ကာလဒေသအားလျော်စွာ အကန့်အသတ်ဖြင့်သာဖြစ်သော အာဏာကိုသာ အပ်နှင်းမည်ဖြစ်ကြောင်း ရှိဘေက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ကားဗုံးခွဲတိုက်ခိုက်မှုများသည် စနစ်တကျ စီမံထားသော တိုက်ခိုက်မှုများ ဖြစ်လာပြီး အမေရိကန်ဦးဆောင်သော တပ်ဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် နိုင်ငံခြားသား အရပ်သားများကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲမှုများ ဖြစ်ပေါ်ခဲ့သည်။

***အင်တာနက်။***

ဇွန် ၁၇ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဇွန် ၁၉ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးခရိုင်အနီးသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒပြနေကြသည့် အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ဘဂ္ဂဒက်မြို့ရှိ ကန်တပ်စခန်း တိုက်ခိုက်ခံရ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်ခုခံရေးသမား ပြောက်ကျားများသည် သောကြာနေ့က ဘဂ္ဂဒက်ရှိ အမေရိကန်စစ်စခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး နိုင်ငံခြားသား ကန်ထရိုက်တာတစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်မှလာသော သတင်းအရ သိရသည်။

စိန်ပြောင်းဗုံးသီးခြောက်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း အမေရိကန်ဗဟိုကွပ်ကဲမှုဌာနက လွှင့်တင်ထားသော အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့လက်သို့ အချုပ်အခြာအာဏာကို ဇွန်လ ၃၀ ရက်တွင် လွှဲပြောင်းပေးမည်ဖြစ်သည်။ ထိုအာဏာလွှဲပြောင်းရေး အချိန်မစေ့ရောက်မီအတွင်း ခုခံတိုက်ခိုက်ရေးသမား ပြောက်ကျားများသည် တိုက်ခိုက်မှုအရှိန်ကို တိုးမြှင့်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့များ၊ ရေနံလုပ်ငန်းများနှင့် အီရတ်အစိုးရအဖွဲ့ဝင်များကို အီရတ်ပြောက်ကျားများက အရှိန်မြှင့်တိုးချဲ့ပစ်ခတ်လျက်ရှိကြသည်။

အီရတ်တောင်ပိုင်းရှိ ဘာကူဘာမြို့တွင် ကြာသပတေးနေ့ကစ၍ အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်ပြောက်ကျားများသည် ဒုတိယနေ့အဖြစ် ဆက်လက်တွေ့ဆုံတိုက်ခိုက်ခဲ့ကြသည်။ ယင်းဖြစ်ရပ်ကြောင့် အီရတ်လူမျိုး အများအပြား သေဆုံးခဲ့ရသည်ဟု မျက်မြင်တွေ့သူများက ပြောကြားကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

*** ရှေ့ဖုံးမှ**

ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းလိုက်ပါလျက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပရာသို့ ရောက်ရှိလာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အကြံပေးပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## စိုက်ပျိုးပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီးပရိဝုဏ်အတွင်း၌ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းက ခရေပင်ကို လည်းကောင်း၊

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပင်ကို စိုက်ပျိုးပေးစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ခရေပင်ကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က ကံ့ကော်ပင်ကိုလည်းကောင်း သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများက ကံ့ကော်၊ ခရေ၊ သရက်နှင့် ပိန္နဲပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ သရက်နှင့် ပိန္နဲ အပါအဝင် သစ်ပင်စုစုပေါင်း ၇၁ ပင်ကို စိုက်ပျိုးပေးကြသည်။

## ဖူးမြော်ကြည်ညို

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် သဗ္ဗညုပုထိုးတော်ကြီး ဂန္ဓကုဋိတိုက်၏ တတိယထပ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် စည်သူပန်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ဂန္ဓကုဋိတိုက်ပထမထပ်၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသည့် ဆွမ်းဆန်တော်ငါးအိတ်နှင့် ဆီငါးပိဿာတို့ကို ခမ္မေသကသီလရှင်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ အဘွားလေးဒေါ်ခမ္မေသီထံ ဆက်ကပ်လှူဒါန်းသည်။(သတင်းစဉ်)

**ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုး ပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

# အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်စိုက်ပျိုး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကံ့ကော်ပင်ပျိုကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၀

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ "သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ပြီး သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို စိုက်ပျိုးသည်။

## တက်ရောက်

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင် ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင် သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာ တာဝန်ခံများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသိပညာရှင်၊အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၌ ကံ့ကော်ပင်ပျိုကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

## စိုက်ပျိုး

အစီအစဉ်အရ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို သတ်မှတ်နေရာ အသီးသီးတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကံ့ကော်ပင်ပျိုကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ကံ့ကော်ပင်ပျိုကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီးများက ကံ့ကော်ပင်ပျိုကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအကြံပေး ပုဂ္ဂိုလ်များက ကံ့ကော်ပင်ပျိုးများကို လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင် သက်ဌေးက ကံ့ကော်ပင်ပျိုကို လည်းကောင်း အသီးသီးစိုက်ပျိုးကြသည်။

ထို့အပြင် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များက ခရေ၊ ကံ့ကော်၊ ပုန်းညက်၊ပျဉ်းကတိုး၊ပိတောက်၊ပျဉ်းမ၊ ငုရွှေဝါ၊ ရေတမာ၊ စွယ်တော်၊ သရက်၊ ပိန္နဲပင်များကို လမ်းဘေးဝဲ/ယာ တစ်လျှောက်နှင့် သတ်မှတ်နေရာ အသီးသီး၌ စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကံ့ကော်ပင်ပျိုကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပွဲတော် အပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားကျေးရွာ အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီး များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကဦးဆောင်၍ "သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့်အညီ ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်တွင်အရိပ်ရပင် များဖြစ်ကြသည့်ကံ့ကော်၊ခရေ၊ပုန်းညက်၊ ပျဉ်းကတိုး၊ပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ ရေတမာ၊ စွယ်တော်ပင်များနှင့် စားပင် များဖြစ်ကြသည့် သရက်၊ ပိန္နဲပင်များ အပါအဝင် စုစုပေါင်းသစ်ပင် ၅၀၀ ကို စိုက်ပျိုးကြသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၁-၆-၂၀၀၄ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၂၀ ၇။ ယူးချောင်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၀၅ ၂။ **EURO 2004 ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ် ရုရှားနှင့် ဂရိ**
- ၅း၄၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၆း၀၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၆း၁၅ ၅။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသား ရိုးရာ အစားအစာ (ကချင်)
- ၆း၂၀ ၆။ Discovery.
- ၆း၃၀ ၇။ ညနေခင်းသတင်း
- ၇း၀၀ ၈။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၇း၂၀ ၁၀။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇း၃၀ ၁၁။ တေးဂီတအစီအစဉ်
- ၇း၄၅ ၁၂။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၅၀)**
- ၀း၁၅ ၁၇။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ခရိုအေးရှားနှင့်အင်္ဂလန်**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# တိုးတက် သစ်လွင် မြန်ပြည် တစ်ခွင်

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံတွင် ခုတင် ၅၀ဆံ့ တိုးချဲ့ဆေးရုံသစ်ကို ဤသို့ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ-သတင်းစဉ်)

## နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်း ကော့မှူးမြို့တွင် တည်ဆောက် အကောင်အထည်ဖော်ပေးထားသည့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ဒီဂျစ်တယ်အော်တို အိတ်ချိန်းသစ် အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ငှက်ပျောကိုင်းကျေးရွာတွင် တူးဖော်ပေးထားသည့် စက်ရေတွင်းမှရေကို ကျေးလက်ပြည်သူများ ခပ်ယူနေကြစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန်လမ်းများ၊ တံတားများကို နိုင်ငံတော်က တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်မှ ဒါးက တံတားကြီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း၊ ကြေးမုံ)

# နိုင်ငံတော်၌ ယနေ့ရရှိထားသည့် အရှိန်အဟုန်
# မိမိပြည်နယ် ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် စုပေါင်

✧ မြေသယံဇာတမှ

ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

**တွေ့ဆုံ**

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ဒေသခံ ပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြလှိုင်က ဖရူဆိုမြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ကယား၊ ကယော၊ မနုမနော၊ ဗမာ၊ ရှမ်း၊ကရင်၊ ဂေခို၊ ဂေဘားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်မှု၊ ရပ်ကွက်၊ ကျေးရွာ များ ဖွဲ့စည်းထားမှု၊ မြေယာအသုံးချ နိုင်မှု၊ ဒေသ၏မိုးရွာသွန်းမှုနှင့် လယ် စပါး၊ ယာစပါး၊ နံ့စားသီးနှံများ၊ ဆီထွက်သီးနှံများ၊ စားဖိုဆောင် သီးနှံ များ စိုက်ပျိုးဖြစ်ထွန်းမှု၊ နှစ်ရှည်ပင် များ စိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဆန် ဆီ ဖူလုံမှုနှင့် ပညာရေး၊ ကျန်းမာရေး ဆိုင်ရာကိစ္စများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ဓာတ်အား ဆိုင်ရာများကို သက်ဆိုင်ရာ မြို့နယ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဖရူဆိုမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

အဆင့် တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြရာ ပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့် ဒုတိယဝန်ကြီး၊ ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည် များကို မေးမြန်းပြီး ဖရူဆိုမြို့ အခြေခံ ပညာအထက်တန်းကျောင်း၌ လိုအပ် လျက်ရှိသည့် စာသင်ဆောင်နှင့် ပရိ ဘောဂများ ရရှိရေးအပါအဝင် မြို့နယ် ၏ လိုအပ်ချက်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာ စကားပြောကြားရာတွင် မိမိနှင့်အဖွဲ့ ဝင်များ ကယားပြည်နယ် လွိုင်ကော် မြို့သို့ ယနေ့ရောက်ရှိပြီးနောက် ဖရူဆို မြို့သို့ ပထမဆုံး ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ကယားပြည်နယ် အတွင်းရှိ အခြားမြို့နယ်များသို့ မိမိတို့ ဆက်လက်သွားရောက်မှာဖြစ်ကြောင်း၊ ဤကဲ့သို့ ကယားပြည်နယ်အတွင်း လှည့်လည်သွားလာရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပိုမိုအရှိန် အဟုန်ရရှိစေရန် ဖြည့်ဆည်းပေးသင့် သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင် ရန်ဖြစ်ကြောင်း။

ကယားပြည်နယ်သည် အခြား ပြည်နယ်နှင့်တိုင်းများနှင့်နှိုင်းယှဉ်က လူဦးရေအရ၊ အကျယ်အဝန်းအရ ကြီးမားကျယ်ပြန့်ခြင်းမရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးအသီးသီးသည်လည်း အေးချမ်း စွာ၊ ရောင့်ရဲစွာနေတတ်ကြသည့် ဓလေ့စရိုက်များရှိကြကြောင်း။

**မြေလွတ်မြေရိုင်းများရှိ**

ကယားပြည်နယ်အတွင်း၌စိုက်ပျိုး ခြင်းမပြုနိုင်သေးသည့် မြေလွတ် မြေရိုင်း အများအပြား ရှိနေသေး ကြောင်း၊ ယင်းမြေသယံဇာတများကို ထိထိရောက်ရောက် အပြည့်အဝ အသုံးပြုပြီးလယ်ယာကဏ္ဍ ကုန်ထုတ် လုပ်မှုတိုးတက်အောင် လုပ်ကိုင် ဆောင်ရွက်သွားနိုင်ရန်လိုအပ်ကြောင်း၊ ထို့ပြင်ပြည်သူများအနေဖြင့်တည်ငြိမ် အေးချမ်းလုံခြုံစွာ မိမိတို့၏ အသက် မွေးဝမ်းကြောင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အရေးကြီး ကြောင်း၊ ရပ်ရွာဒေသ တည်ငြိမ် အေးချမ်းလုံခြုံမှုမရှိပါက စီးပွားရေး လုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိ စီးစီး လုပ်ကိုင်ရန် မဖြစ်နိုင်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး၌ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး လွှမ်းခြုံလာအောင် ပထမ ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးရရှိအောင်လည်း ကြိုးစားဆောင်ရွက်ခဲ့ကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေး**

ရပ်ရွာဒေသတည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသား ပြန်လည်စည်းလုံး

ညီညွတ်မှုရရှိလာသည်နှင့်အမျှ မိမိတို့ သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာအောင်၊ ပြည်နယ်၊ တိုင်းနယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက် အလေးပေးဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် နယ်စပ်ဒေသ နယ်စွန်နယ် ဖျားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ အထူးစီမံကိန်းချမှတ် အကောင်အထည် ဖော်ခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ ဖွံ့ဖြိုး ရေးဒေသကြီးများသတ်မှတ်၍ ဖွံ့ဖြိုး ရေးဒေသဆိုင်ရာ စီမံကိန်းများကို လည်းကောင်း ဆက်စပ်အကောင် အထည်ဖော်နိုင်ခြင်း တို့ကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီးသည် ယခင်ကနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ နယ်စွန် နယ်ဖျားဒေသများရှိ မြို့များသည်ပင် မြို့ကြီးပြကြီးများကဲ့သို့ ဖွံ့ဖြိုးတိုးတက် လာသကဲ့သို့ ခေတ်မီစိုက်ခင်းကြီးများ နှင့် မွေးမြူရေးခြံများလည်း ဖြစ်ထွန်း လာလျက်ရှိနေပြီဖြစ်ကြောင်း။

ယခုအခါ တည်ငြိမ်အေးချမ်းမှု၏ အရသာ၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီး အပွင့်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးရှိ တိုင်းရင်း သားပြည်သူများ လက်တွေ့မျက်မြင် ရရှိခံစားနေကြရပြီလည်းဖြစ်ကြောင်း။

ကယားပြည်နယ်သည်လည်းယခင် ကနှင့်မတူဘဲ သိသာစွာဖွံ့ဖြိုးတိုးတက် လာခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် ရန်လည်း လိုအပ်ကြောင်း။

**တည်ငြိမ်အေးချမ်းရေး**

ဤကဲ့သို့အရှိန်အဟုန်ဖြင့်ဆက်လက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက လိုအပ်သည်မှာ တည်ငြိမ်အေးချမ်းမှု ရှိရေးပင် ဖြစ်ကြောင်း၊ တည်ငြိမ် အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ကယားပြည်နယ်သည် အခြား ပြည်နယ်/တိုင်းများနှင့်တန်းတူ ဖွံ့ဖြိုး တိုးတက်လာပြီး ဒေသခံပြည်သူများ ၏လူနေမှုအဆင့်အတန်းသည်မြင့်မား လာမှာဖြစ်ကြောင်း၊ဖရူဆိုမြို့နယ်၌ ရောက်ရှိနေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများတွင် ဒေသခံများပါမည် ဖြစ်သကဲ့သို့အခြားဒေသမှ လာရောက် တာဝန်ထမ်းဆောင်နေရသူများလည်း ရှိမည် ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတာဝန်ကျရာဒေသကို မိမိရပ်ရွာ ဒေသကဲ့သို့ သဘောထား၍ မဖွံ့ဖြိုး ဖွံ့ဖြိုးအောင် ကြိုးပမ်းကြရမှာ ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လေးစားချစ်ခင်မှု၊ အားထားကြည်ညို မှုရရှိသည့် ဝန်ထမ်းများဖြစ်လာအောင် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ် ကြီးစိုးဝင်း ဖရူဆိုမြို့နယ် ပြည်သူ့ ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူ ပစ္စည်းများနှင့် အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးနှင့် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့အား ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

**ပေးအပ်လှူဒါန်း**

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေး မှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖရူဆိုမြို့ အခြေခံပညာအထက်တန်း ကျောင်းအတွက် သင်ထောက်ကူ ပစ္စည်းများဖြစ်သည့် တီဗွီ၊ ဗီစီဒီစက် နှင့် ကွန်ပျူတာတို့ကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ် များကို လည်းကောင်း၊ မြို့နယ်ပညာ ရေးမှူးနှင့် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့အားပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က မြို့နယ်အတွက် အထောက်အကူပြု ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌအားပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အ**
**အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒီမော့ဆိုမြို့ အခြေခံပည**
**အထောက်အကူပြုပစ္စည်းများ၊ မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းမ**
**ရေးမှူးနှင့် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီ**

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ ဆေးရုံသို့ရောက်ရှိကြပြီး ဓာတ်မှန် ဆောင်၊ ခွဲစိတ်ခန်း၊ လူနာဆောင် များနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေး မှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး သူနာပြုဆရာမ ကြီး ဒေါ်နော်လားစေးနှင့် သူနာပြု ဆရာမများ၊ သူနာပြုသင်တန်းသူများ အားတွေ့ဆုံနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဖရူဆိုမြို့ အခြေခံ ပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများနှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်းပေးသည်။

**ဒီမော့ဆို**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်ဖရူဆိုမြို့မှ ပြန်လည် ထွက်ခွာ၍ ဒီမော့ဆိုမြို့နယ် ဒီမော့ ဆိုမြို့ အခြေခံပညာ အထက်တန်း ကျောင်းသို့ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်

တွင် ရောက်ရှိကြရာ နည်းဗျူ ဗိုလ်မှူးကြီးညွှန့်လွင်နှင့် မြို့န ဌာနဆိုင်ရာများ၊ ကျောင် ဆရာမကြီးဒေါ်ခင်မေဝင်းနှင့် ဆရာမများ၊ ကျောင်းသားကျော များက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းခန်းမ ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန် များ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိ အသင်းဝင်များ၊ လူမှုရေးအသင်း ဝင်များ၊ဒေသခံပြည်သူများနှင့် တေ သည်။

ထိုသို့တွေ့ဆုံရာတွင် မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိ ကောင်စီဥက္ကဋ္ဌဦးတောရယ်က မြို ၏ တည်နေရာနှင့် အကျယ်အ မြေအသုံးချမှု၊ မိုးစပါး၊ နွေစပါ ဒေသနှင့်ကိုက်ညီသည့် သီးနှံအမျ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသဝ ဖူလုံရေး၊ ဆီဖူလုံမှုနှင့် ပညာ ကျန်းမာရေးဆိုင်ရာ ကိစ္စမျ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေး၊ ကျ ရေးဆိုင်ရာကိစ္စများကို မြို့န တာဝန်ရှိသူများက ရှင်းလင်းတ ကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ် ၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ် ကြီး စိုးဝင်းက အခြေခံပညာကျေ များ အဆင့်မြှင့်တင်ရေး၊ မြို့ ဆေးရုံကို အဆင့်မြှင့်တင်ရေး၊ ရေး၊ ကျန်းမာရေး၊ ဝန်ထမ် ဖြည့်စွက်ခန့်ထားရေးနှင့် အ



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ ရေးအသင်း ဗဟိုနာယကက အဖွဲ့ဝ နိုင်ငံတော် အေးချမ်းသာယာရေး ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး( ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်ကေ မြို့ ကယားပြည်နယ် ပြည်ထော ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များ အသင်းအတွင်းရေးမှူးများ၊ အလ အမှုဆောင်များ၊ ရပ်ကွက်၊ ကျေး စည်းရုံးရေးမှူးများနှင့် အသင်း များအား တွေ့ဆုံမှာကြားစဉ်။**
(သတင်းစ

နှစ်ခြိုက်သဘောကျမှုများနှင့် ဖြန့်ဖြူးရန် စီစဉ်ထားမှုမျ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်ဝ ၍ အတွင်းရေးမှူး(၁)က ဒေသ ကိုက်ညီသည့် အထွက်ကောင် စပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးအဝ လိုအပ်သည်များကို မှာကြားသ

ထို့နောက် အတွင်းရေးမှူး(၁) အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ဝ လျက်ရှိသည့် စပါးခင်းများကို ကြ စစ်ဆေးပြီး ဒေသခံတောင်သူများ တွေ့ဆုံ၍စိုက်နည်းစနစ်များ၊ဓာတ် သြဇာထည့်သွင်းမှု၊ စိုက်ပျိုးစ ကုန်ကျငွေနှင့် ပြန်လည်ရရှိနိုင် ဝင်ငွေအခြေအနေများကို မေး သည်။

ရွှေရင်အေး SR-456 စပါးမျိ စားသုံးသူများနှစ်သက်သည့် စပါ ဖြစ်ပြီး အထွက်နှုန်းကောင်း စပါးမျိုးလည်းဖြစ်ကြောင်းသိရသ

# အရှိန်အဟုန်ကောင်း၊ အခြေအနေကောင်းများကို ဝိုင်းဝန်းထိန်းသိမ်း
# အောင် စုပေါင်းတာဝန်ယူ၊ စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်

**ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ိုးဝင်း ဒီမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု တွင်းရှိအခြေခံပညာကျောင်းများအတွက်ဗလာစာအုပ်များကို မြို့နယ်ပညာ ကျောင်း ကျောင်းအုပ်ဆရာမကြီးတို့အား ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

တွင် ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးညွန့်လွင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ကျောင်းအုပ် ဆရာမကြီးဒေါ်ခင်မေဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ များက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းခန်းမဆောင် ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ဒေသခံပြည်သူများနှင့် တွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးတောရယ်က မြို့နယ် ၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြေအသုံးချမှု၊ မိုးစပါး၊ နွေစပါးနှင့် ဒေသနှင့်ကိုက်ညီသည့် သီးနှံအမျိုးမျိုး စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသဝမ်းစာ ဖူလုံရေး၊ ဆီဖူလုံမှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေး၊ ကျန်းမာ ရေးဆိုင်ရာကိစ္စများကို မြို့နယ်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း ၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ် ကြီး စိုးဝင်းက အခြေခံပညာကျောင်း များ အဆင့်မြှင့်တင်ရေး၊ မြို့နယ် ဆေးရုံကို အဆင့်မြှင့်တင်ရေး၊ ပညာ ရေး၊ ကျန်းမာရေး၊ ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားရေးနှင့် အခြား စီးပွားရေးအခြေခံ၊ ပညာရေးအခြေခံ၊ ကျန်းမာရေးအခြေခံ၊ လမ်းပန်း ဆက်သွယ်ရေးအခြေခံ စသည့် အခြေခံများကို ထိထိရောက်ရောက် အသုံးချ၍ နိုင်ငံတော်ကြီး ခေတ်မီ တိုးတက်အောင်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး နိုင်ငံတော်၌ ယနေ့ရရှိထားသည့် အရှိန်အဟုန် ကောင်း၊ အခြေအနေကောင်းများကို ဝိုင်းဝန်းထိန်းသိမ်း၍ စည်းလုံးညီညွတ် စွာဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင်၊ မိမိပြည်နယ်ဖွံ့ဖြိုးသည် ထက်ဖွံ့ဖြိုးအောင် စုပေါင်းတာဝန် ယူ၊ စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အရေးကြီး ကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာ ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒီမော့ဆိုမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူ လိုအပ်သည်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လုပ်ငန်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသား ညီလာခံကြီးအောင်မြင်စွာကျင်းပရေး အပါအဝင် လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေး၊ နိုင်ငံတော်က အခိုင် အမာ တည်ဆောက်ပေးပြီးဖြစ်သည့် တာ၊ ဗီစီဒီစက်နှင့် တီဗွီ စသည့် သင်ကြားမှု အထောက်အကူပြု ပစ္စည်း များ၊ မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများအတွက် ဗလာ စာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးထွန်းရီနှင့် ဒီမော့ဆိုမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မေဝင်းတို့အား ပေးအပ်သည်။

**နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လွိုင်ကော်မြို့နယ် လွိုင်လင် လေးကျေးရွာအနီး နမ့်ဒဘတ် ချောင်းထီးစဲခါးတံတား၏ ခိုင်ခံ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေး စဉ်။** (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ သည် ဒီမော့ဆိုမြို့နယ် ပြည်သူ့ဆေးရုံ ကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံဆရာဝန် ဒေါက်တာစောအင် ဒရူးမိုးနှင့် သူနာပြု ဆရာမများက လိုက်လံရှင်းလင်းပြသကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ သည် မွန်းလွဲပိုင်းတွင် မော်တော် ယာဉ်များဖြင့် လွိုင်ကော်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒီမော့ ဆိုမြို့နယ်ရှိ ငွေတောင်ဆည်၏ ရေသိုလှောင် ထိန်းသိမ်းထားနိုင်မှု အခြေအနေကို လည်းကောင်း၊ ဒီမော့ ဆို-လွိုင်ကော်ကားလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ၌ စပါးနှင့်အခြား သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

## တံတားခိုင်ခံ့မှုစစ်ဆေး

ထို့နောက် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာသို့ ရောက်ရှိ ကြပြီး ကျေးရွာအနီး စီးဆင်းလျက် ရှိသည့်နမ့်ဒဘတ်ချောင်း၏ ရေစီး ဆင်းမှုနှင့် ချောင်းပတ်ဝန်းကျင်၌ သီးနှံများစိုက်ပျိုး ဖြစ်ထွန်းနေမှုများ ကိုလည်းကောင်း၊ ထီးစဲခါးတံတား၏ ခိုင်ခံ့မှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လွိုင်လင်လေး ကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ ကြရာ ကျောင်းခန်းမ၌ ကျောင်းအုပ် ဆရာကြီးဦးဝင်းထိန်က ကျောင်း၏ ကျောင်းဆောင်များ အခြေအနေ၊ ဆရာ၊ ဆရာမအင်အား၊ ကျောင်း သား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားမှု၊ ပညာသင်ကြား ပေးနေမှု အခြေအနေများ၊ ကျောင်း ဆောင်သစ်ဆောက်လုပ်ရေး အပါ အဝင် ဖြည့်ဆည်းပေးရန် လိုအပ် သည်များကို ရှင်းလင်းတင်ပြ သည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံပညာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း က ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သင် ကြားမှု သင်ယူမှု အထောက်အကူပြု အီလက်ထရွန်းနစ် ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချ သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြ စိုးဝင်း လွိုင်လင်ကျေးရွာရှိတွဲဖက်အခြေခံပညာ အထက်တန်းကျော သင်ကြားမှု သင်ယူမှု အထောက်အကူပြုအီလက်ထရွန်းနစ် ပစ္စည်းမျ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံများ၊ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ၊ ဆရာ မများ၊ ကျောင်းသား၊ ကျောင်းသူများ အား နှုတ်ဆက်သည်။

## တိုက်နယ်ဆေးရုံကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လွိုင်လင်လေး တိုက်နယ်ဆေးရုံသို့ သွားရောက်၍ တိုက်နယ်ဆေးရုံ အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုရှိ ရွှေရင်အေးSR-456နွေစပါးမျိုးပွား စိုက်ခင်း ဧက၅၀သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာဦးပြေသိန်း က မိုးဗြဲဆည်မှ စိုက်ပျိုးရေရရှိမှုအခြေ အနေများ၊ ရွှေရင်အေး SR-456 နွေစပါးမျိုးပွား စိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ၊ ရွှေရင်အေးစပါးမျိုးကို တောင်သူများ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင် သည် မိုးဗြဲကျေးရွာအုပ်စု၌ပင်စမ်း စိုက်ပျိုးထားသည့် ဆင်း နွေစပါးမျိုးပွားစိုက်ခင်းများကိုလ ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်း လွိုင်ကော်မြို့သို့ပြန်လည်ရော ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိ အသင်း ဗဟိုနာယကအဖွဲ့ဝင်၊ တော်အေးချမ်းသာယာရေးနှင့် ဖွံ ရေးကောင်စီအတွင်းရေးမှူး(၁) ဒု ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗဟိုအ အမှုဆောင်များဖြစ်ကြသည့် ဗိုလ ချုပ် မောင်မောင်သိမ်းနှင့် ဗိုလ်မှူး သိန်းအောင်တို့နှင့်အတူ ညပိုင်း လွိုင်ကော်မြို့ ကယားပြည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိ အသင်းရုံး၌ ပြည်နယ်နှင့်လွိုင်ကေ ခရိုင် လွိုင်ကော်မြို့နယ်၊ ဖရူဆ နယ်၊ဒီမော့ဆိုမြို့နယ်တို့မှ ပြည်န ခရိုင်၊မြို့နယ်အသင်းအတွင်းရေးမှူး အလုပ်အမှုဆောင်များ၊ ရပ်ကွ ကျေးရွာအုပ်စု စည်းရုံးရေးမှူးမျ အသင်းဝင်များအား တွေ့ဆုံ၍လို သည်များမှာကြားသည်။(သတင်း

# ပြည်သူများနှင့်လူငယ်လူရွယ်များ ပညာနှင့်နည်းပညာစွမ်းရည် ပိုမိုတိုးတက်ရန်ကြိုးစားလေ့လာ နိုင်ငံတော်တွင် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမည် အီလက်ထရွန်းနစ်စာကြည့်တိုက်(ကျောက်တန်း) တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အီလက်ထရွန်းနစ် စာကြည့်တိုက်(ကျောက်တန်း)တိုးချဲ့ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းရှိ အီလက်ထရွန်းနစ် စာကြည့်တိုက်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

### ဖဲကြိုးဖြတ် ဖွင့်လှစ်

ခေတ်မီ အီလက်ထရွန်းနစ် စာကြည့်တိုက်(ကျောက်တန်း)တိုးချဲ့ ဆောင်သစ်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့် အေစီအီးဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်း တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

### တက်ရောက်

အခမ်းအနားသို့ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အီလက်ထရွန်းနစ် စာကြည့်တိုက် (ကျောက်တန်း) ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်မိရပ်ဖများ၊အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပထမပိုင်းအခမ်းအနား အစီအစဉ်ကို အီလက်ထရွန်းနစ် စာကြည့်တိုက် (ကျောက်တန်း) တိုးချဲ့ဆောင်သစ်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်ဆန်းတို့က ဖဲကြိုးဖြတ်၍ အီလက်ထရွန်းနစ် စာကြည့်တိုက် (ကျောက်တန်း) တိုးချဲ့ဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

### အမှာစကားပြောကြား

ထို့နောက် ဒုတိယပိုင်းအခမ်းအနား အစီအစဉ်များကို စာကြည့်တိုက်ခန်းမ အတွင်း၌ ဆက်လက် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော အီလက်ထရွန်းနစ် စာကြည့်တိုက် တိုးချဲ့ဆောင်သစ်သည် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်ချက်နှင့်အညီ မူလ စာကြည့်တိုက် အဆောက်အအုံကို ထပ်မံတိုးချဲ့ ဆောက်လုပ်ပေးခြင်း ဖြစ်ကြောင်း၊ နောင်တိုးတက်လာမည့် လုပ်ငန်းဆိုင်ရာ လိုအပ်မှုအတွက် ဆောင်ရွက်ပေးခြင်း ဖြစ်သကဲ့သို့ ပြည်သူအများ စာပေလေ့လာလိုက်စားမှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံရှိ ပြည်သူများနှင့် လူငယ် လူရွယ်များ၏ ပညာနှင့် နည်းပညာ စွမ်းရည်များ ပိုမို တိုးတက်ဖြစ်ထွန်းလာရန် ကြိုးစားအားထုတ် လေ့လာမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တွင် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော် တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း၊ ကျောက်တန်းမြို့အတွက် အီလက်ထရွန်းနစ် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ခြင်းသည် စာပေရတနာ သိုက်တစ်ခု ရရှိသည့်အနေအထားမျိုး ဖြစ်သဖြင့် ထိုစာပေ ရတနာသိုက်မှ တန်ဖိုးရှိသော ပညာနှင့် နည်းပညာများ တိုးတက်ရရှိလာကြစေရန် ထုတ်ယူလေ့လာအသုံးပြုနိုင်ကြမည်ဟု ယုံကြည်ကြောင်း။

### ကျယ်ကျယ်ပြန့်ပြန့်

အီလက်ထရွန်းနစ် စာကြည့်တိုက်ကို အရင်းခံ၍ စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုပြိုင်ပွဲစသည့် စာပေ လှုပ်ရှားဆောင်ရွက်မှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စာကြည့်တိုက် တိုးချဲ့ဆောင်သစ် ဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းပံ့ပိုး ကူညီကြသည့် အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် စာကြည့်တိုက် ရန်ပုံငွေ တိုးတက်ရေးနှင့် စာကြည့်တိုက် အဆောက်အအုံ အစဉ်ထာဝရ တည်တံ့ တိုးတက်မှုများ ရှိစေရန် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် A.C.E ဆောက်လုပ်ရေး ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်ဆန်းက အီလက်ထရွန်းနစ် စာကြည့်တိုက်(ကျောက်တန်း) တိုးချဲ့ဆောင်သစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်ဆန်းက စာကြည့်တိုက် တိုးချဲ့ဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အီလက်ထရွန်းနစ် စာကြည့်တိုက်(ကျောက်တန်း)ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်ဦးအောင်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့-အဖွဲ့ဝင် ဆရာမ မစန္ဒာက ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့မှ လှူဒါန်းသည့် စာအုပ်များကို ပေးအပ်လှူဒါန်းရာ အီလက်ထရွန်းနစ်စာကြည့်တိုက်(ကျောက်တန်း) ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင် ဦးအောင်မြင့်က လက်ခံသည်။

### လှူဒါန်း

ယင်းနောက် အီလက်ထရွန်းနစ် စာကြည့်တိုက်(ကျောက်တန်း)အတွက် အလှူရှင်များ ဖြစ်ကြသော ဦးတင့်ဆန်း (A.C.E ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်သိန်း ၁၁၀၊ ဦးဝင်းမြင့်(ရွှေနဂါးမင်း ကုမ္ပဏီ)နှင့် ဦးဌေးမြင့်(ယုဇနကုမ္ပဏီ)တို့က ငွေကျပ် ငါးသိန်းစီ၊ ဒေါက်တာကိုကိုကြီး (ဒိုင်းမွန်းစတားကုမ္ပဏီ)၊ ဦးညိုမင်း(မင်းဓာနီကုမ္ပဏီ)၊ ဦးဇော်ဇော်နိုင် (မေခလာကုမ္ပဏီ)၊ ဦးအောင်ဇော်ရဲမြင့် (ရဲတံခွန် ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးမောင်မောင်တင် (Farmer ဖိုးရာဇာကုမ္ပဏီ) နှင့် ဦးမောင်မောင်(ရွှေကမ္ဘာ မောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီ)တို့က ငွေကျပ် သုံးသိန်းစီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

### ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောက်တန်းမြို့ ပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဒေါက်တာ ဦးစံသိန်းက အီလက်ထရွန်းနစ် စာကြည့်တိုက် တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အီလက်ထရွန်းနစ် စာကြည့်တိုက် (ကျောက်တန်း)တွင် ပညာရပ်ဆိုင်ရာ စာအုပ်များအပါအဝင် ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ရုပ်ပြစာအုပ်စုစုပေါင်း ၂၀၃၉၅ အုပ်၊ စီဒီ ၄၃၁ချပ်၊ ကွန်ပျူတာနှင့် တီဗွီတို့ကို ထားရှိပြီး နေ့စဉ်စာပေလေ့လာသူများ၊ စာအုပ်ငှားရမ်းသူများနှင့် ကွန်ပျူတာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ (သတင်းစဉ်)

ခေတ်မီအီလက်ထရွန်းနစ် စာကြည့်တိုက်(ကျောက်တန်း)အတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လက်ခံစဉ်။ (သတင်းစဉ်)

# SHARP အရောင်းပြခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၀

SHARP Roxy Sale (S) Pte, Ltd နှင့် Ambur Electronic တို့ ပူးပေါင်းဖွင့်လှစ်သည့် SHARP အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် မဟာဗန္ဓုလပန်းခြံလမ်း အမှတ်(၁၂၂)ရှိ အဆိုပါ အရောင်းပြခန်း၌ ကျင်းပသည်။

### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ SHARP Roxy Sales S'pore မှ မန်နေဂျင်းဒါရိုက်တာ MR. HIROYUKI NUIZATO၊ Ambur Electronic မှ ဌာနေကိုယ်စားလှယ် Mr. Steven Sng ၊ SHARP Roxy Sales မှ Marketing ဝန်ထမ်းများ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ SHARP Roxy Sales S'pore မှ MR. HIROYUKI NUIZATO၊ Ambur Electronic မှ ဌာနေကိုယ်စားလှယ် Mr. Steven Sng၊ SHARP ASIAN OPERATION မှ CEO MR. M. Fujiki နှင့် SHARP Roxy S'pore မှ GM. Mr. S. Marusue တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အရောင်းပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရေသန့်စက်တပ်ဆင်ရန်အတွက် အလှူငွေကျပ် ၁၅သိန်းကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ SHARP ASIAN OPERATION မှ CEO Mr. M. Fujiki က ပေးအပ်လှူဒါန်းသည်။

အဆိုပါ SHARP အရောင်းပြခန်းတွင် LCD TV များ၊ Plasmacluster အိမ်သုံးပစ္စည်းများ၊ Solar Cell၊ DVD၊ VCD၊ Theatre PROJECTOR၊ Digital Video Camera Hi-Fi ကက်ဆက်များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ၊ လေအေးပေးစက်များ၊ Micro Wave များ၊ ဖုန်စုပ်စက်များ၊ လေသန့်စက်များ၊ ရေငွေ့ထိန်းစက်များကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# အိုလံပစ်နေ့လှုပ်ရှားမှုလျှပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၀

အိုလံပစ်နေ့ (Olympic Day Run) လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် Olympic Day Run Movement တင်းနစ်ပြိုင်ပွဲကို သိမ်ဖြူတင်းနစ်ကွင်း၌ ဇွန် ၂၀ရက်တွင်ကျင်းပသည်။

ထိုပြိုင်ပွဲကို နှစ်ယောက်တွဲပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဇော်ဇော်လတ်(မြို့တော်စည်ပင်)တို့အတွဲက ပထမရရှိ၍ ဗိုလ်ချုပ်စိုးမောင်(ကာကွယ်ရေး)၊ အေးထွန်း(သစ်တောရေးရာ ဝန်ကြီးဌာန) တို့အတွဲက ဒုတိယရရှိပြီး ဖြိုးမင်းသာ၊ သက်မာထွန်းတို့အတွဲနှင့် ကျော်ကျော်ချို၊ သန္တာအောင် အတွဲတို့က တတိယအသီးသီးရရှိခဲ့ကြသည်။ ဆုများကိုမြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (မက်စ်မြန်မာကုမ္ပဏီလီမိတက်)က ချီးမြှင့်သည်။ (သတင်းစဉ်)

# မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၀-၆-၂၀၀၄)

| | | |
|---|---|---|
| အမ်း | - | ၆ ဒသမ ၉၄ လက်မ။ |
| ကျောက်ဖြူ | - | ၆ ဒသမ ၅၀ လက်မ။ |
| စစ်တွေ | - | ၅ ဒသမ ၄၃ လက်မ။ |
| သံတွဲ | - | ၅ ဒသမ ၂၈ လက်မ။ |
| မောင်တော | - | ၅ ဒသမ ၀၄ လက်မ။ |
| ထားဝယ် | - | ၄ ဒသမ ၂၉ လက်မ။ |
| ရွှေကျင် | - | ၃ ဒသမ ၆၆ လက်မ။ |
| ကျောက်တော် | - | ၃ ဒသမ ၆၂ လက်မ။ |
| ရေး | - | ၂ ဒသမ ၃၆ လက်မ။ |

# လှိုင်ကော်မြို့ နေစက်လစက် စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို တင်လှူပူဇော်ပေး

ရန်ကုန် ဇွန် ၂၀

**ကယားပြည်နယ် လှိုင်ကော်မြို့ မြကလပ်တောင်တော်အနီးရှိ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် နေစက် လစက် စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဇွန် ၁၉ရက် နံနက်၇နာရီခွဲတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို၍ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးသည်။**



**လှိုင်ကော်မြို့ နေစက် လစက် စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်ကို စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင် တင်လှူကြစဉ်။** (သတင်းစဉ်)

### တက်ရောက်ကြည်ညို

ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ လှိုင်ကော်မြို့ ရွှေတောင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များဖြစ်ကြသည့် လှိုင်ကော်မြို့ မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသနှင့် နန်းဖဲ သာသနာပြုကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပဉ္ဇောဘာသ၊ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဝိမုတ္တိသုခ ရိပ်သာကျောင်း ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရဓဇတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်၊ ကယားပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကယားပြည်နယ်မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပရေး ကော်မတီဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ဒေသခံနှင့် ပတ်ဝန်းကျင်ဒေသများမှ တိုင်းရင်းသားပြည်သူများ အပါအဝင် ရဟန်းရှင်လူပြည်သူများအထူးစည်ကားစွာ တက်ရောက်ကြည်ညိုကြသည်။

ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို နေစက် လစက် စေတီတော်ရင်ပြင် မြောက်ဘက် အာရုံခံတန်ဆောင်းရှေ့၌ ကျင်းပရာ ပြည်နယ် ဥပဒေအရာရှိ ဦးမြင့်အောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လှိုင်ကော်မြို့ ရွှေတောင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

### ပရိတ်တရားတော်ချီးမြှင့်

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ စေတီတော်ဝတ္တကမြေ၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ပြည်နယ်အတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ရွှေတောင်ကျောင်း ဆရာတော်အား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လှိုင်ကော်မြို့ နေစက် လစက် စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ တပ်ဆင်လှူဒါန်း ပူဇော်ပေးကြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လှိုင်ကော်မြို့ နေစက် လစက် စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ရွှေတောင်ကျောင်း ဆရာတော်က အနုမောဒနာနှင့် ရေစက်ချ တရားတော်ချီးမြှင့်ရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်က လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက စိန်ဖူးတော်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ငှက်မြတ်နားတော်ကို လည်းကောင်း ဦးဆောင် ပင့်ဆောင်ကြ၍ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို သာသနာ့အလံကိုင်အဖွဲ့များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့်အတူ နေစက်လစက်စေတီတော်အား လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ကြ၍ မင်္ဂလာရထားပျံ မဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထိုကဲ့သို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံဆင့်များအား လှည့်လည်ပူဇော်နေချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က ဓမ္မတေးများဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် မင်္ဂလာအချိန် ရောက်သည်နှင့် ရွှေထီးတော် ပထမဘုံဆင့်ကို အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက နံ့သာရည်များ ပက်ဖျန်း၍ တီးကြာကုသိုလ်ဖြစ် ထီးတော်တင်မိသားစု၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင် တင်လှူပေးကြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၆ သို့ ▲**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၆-၂၀၀၄ (တနင်္လာနေ့)**

### နံနက်ပိုင်း

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

### ညပိုင်း

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
**၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄:၃၅** ၆။ မျိုးချစ်တပ်မတော်
**၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
(က) မြန်မာစာ(မြန်မာစာအထူးပြု)
(ခ) ရုပ်ရင်း -Morpheme
**၅:၃၀** ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
**၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၃။ မိုးလေဝသသတင်း
**၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
**၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
**၆:၅၀** ၁၇။ မေးမြန်းစူးစမ်း
**၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး"(အပိုင်း-၃၃)**
**၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက်တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင် သားဆိုးသားမိုက်" (အပိုင်း-၁)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

# အဌမမြောက် ကိုယ်ပွားသတင်းစာတိုက် လားရှိုးမြို့၌ ဖွင့်လှစ် ပတ်ဝန်းကျင်မြို့နယ်ကျေးရွာများ နေ့ချင်းပေါက် သတင်းစာရောက်ရှိမည်

## စက်ခလုတ်နှိပ် ဖွင့်လှစ်

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက် ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း)ဖွင့်ပွဲ အခမ်းအနားတွင် ပုံနှိပ်တိုက်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်နယ်၊ခရိုင်၊မြို့နယ်များနှင့် ကျေးရွာနေတိုင်းရင်းသားညီအစ်ကိုများ၊ ဒေသခံပြည်သူများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့်သတင်းစာများကို အစောဆုံးနှင့် အမြန်ဆုံး ဖတ်ရှုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက် ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမနှင့် လားရှိုးမြို့ ဟူးမွန်ကျေးရွာရှိ အဆိုပါပုံနှိပ်တိုက်ခွဲ ဥပစာတို့၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့ တက်ရောက်၍ လားရှိုးမြို့ ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း)ကို ဖွင့်လှစ်ပေးကြသည်။**

ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်ကို နံနက် ၇နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးဦးသက်စိုးနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက် ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း) ဖွင့်ပွဲအခမ်းအနားတွင် ပုံနှိပ်တိုက်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ခင်သန့်ဇင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လားရှိုးမြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရန်ကုန်၊ မန္တလေးမြို့ကြီးများနည်းတူ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို တစ်ပြိုင်နက်တည်း ဖတ်ရှုနိုင်ရန် စတင်ပုံနှိပ် ထုတ်ဝေနိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူရမည့် နေ့တစ်နေ့ ဖြစ်ကြောင်း။

သတင်းစာဆိုသည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပြည်သူနှင့် ပြည်သူအကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် အချက်အလက်များကို အကျယ်ပြန့်ဆုံး သိရှိနိုင်အောင် လုပ်ဆောင်ပေးသော မီဒီယာဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နေသည့်အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ မြန်မာပြည် တစ်နံတစ်လျား နယ်စပ်ဒေသများပါမကျန် အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာအောင် နေ့မအား၊ ညမနား ဆောင်ရွက်နေသည်များကို ပြည်သူများ သိရှိနားလည် သဘောပေါက်ရန်အတွက် ယခုကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကိုယ်ပွားသတင်းစာကို ပုံနှိပ်ဖြန့်ချိပေးရခြင်း ဖြစ်ကြောင်း၊ မန္တလေးကပေးပို့မည့် သတင်းစာများကို စောင့်ဖတ်ရန် မလိုတော့ဘဲ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်မည့်အပြင် ဝန်းကျင်တစ်ဝိုက်၌ရှိသည့် မြို့နယ်များ၊ ကျေးရွာများမကျန် နေ့ချင်းပေါက် သတင်းစာများ ရောက်ရှိတော့မည် ဖြစ်ကြောင်း။

### တည်ထောင်ဖွင့်လှစ်

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မန္တလေး၊တောင်ကြီး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ စစ်တွေ စသည့်ဒေသများ၌ ကိုယ်ပွားသတင်းစာတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခု လားရှိုးမြို့၌ အဋ္ဌမမြောက် သတင်းစာတိုက် တည်ထောင်ပေးခြင်းဖြစ်သည့်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီဖြစ်သည့်အတွက် ကိုယ်ပွားသတင်းစာတိုက် တည်ထောင်ပေးသော နိုင်ငံတော်အစိုးရကို ကျေးဇူးအထူးတင်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

### အောင်မြင်စွာစတင်နိုင်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် လားရှိုး ကိုယ်ပွားသတင်းစာတိုက် ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက စီမံချက်နှင့် အညီ အကောင်အထည်ဖော်သော လုပ်ငန်းတစ်ခု အောင်မြင်စွာ စတင်နိုင်ခြင်းဟု ဆိုရမည်ဖြစ်ကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ကိုယ်ပွား သတင်းစာတိုက်များကို မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ မကွေး၊ စစ်တွေနှင့် ကလေးမြို့တို့၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ယခု လားရှိုး ကိုယ်ပွားသတင်းစာတိုက်မှာ ရှစ်ခုမြောက် ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ မကြာမီ တနင်္သာရီတိုင်း မြိတ်မြို့၌လည်း ဆက်လက်ဖွင့်လှစ်ပေးရန်ရှိကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် ပြည်သူများ သိသင့်သိထိုက်သော သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ပြန်ကြားပေးခြင်း၊ ပြည်သူများ ဆောင်သင့်ဆောင်အပ်၊ ရှောင်သင့်ရှောင်အပ်သည်များကို သိရှိနိုင်အောင် ပညာပေးခြင်း၊ ပြည်သူများ အပန်းဖြေနိုင်ရန် ဖျော်ဖြေပေးခြင်းဆိုသည့် လုပ်ငန်းများကို Print Media, Electronic Media နှစ်မျိုးကို အသုံးပြုပြီး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် လားရှိုးမြို့ ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း) ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုးကလည်းကောင်း၊ သတင်းစာများ ဖြန့်ချိမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး ဒေသခံ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို လားရှိုးမြို့ ဟူးမွန် ကျေးရွာရှိ အဆိုပုံနှိပ်တိုက်ခွဲ၌ နံနက် ၉နာရီတွင် ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပုံနှိပ်တိုက်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ပုံနှိပ်တိုက်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပုံနှိပ်တိုက်ခွဲအတွင်း မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ ရိုက်နှိပ်ထုတ်ဝေနေမှု လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုကြပြီး တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### တိုက်ရိုက်ပုံနှိပ်ဖြန့်ဝေ

မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကို ၂၀၀၄ခုနှစ်ဇွန် ၂၀ရက် ယနေ့မှစတင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အသီးသီးနှင့် ကျေးရွာများသို့ သတင်းစာပုံနှိပ်တိုက်ခွဲမှ တိုက်ရိုက် ပုံနှိပ်ဖြန့်ဝေလိုက်သည်။

လားရှိုးမှ သတင်းစာကိုယ်စားလှယ်များက လားရှိုးမြို့ပေါ်ရှိ သတင်းစာဖတ်သူများ နံနက်စောစော အိပ်ရာထ သတင်းစာများ ဖတ်ရှုနိုင်ကြစေရန် အတွက် တက်ကြွစွာ ဆောင်ရွက်ပေးနေကြပြီး လားရှိုးမြို့ပေါ်ရှိ လူစည်ကားသည့် လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်များ၊ ဘူတာရုံနှင့် ဈေးများတွင်လည်း နံနက် ၆နာရီမှစ၍ လားရှိုးမြို့သူ၊ မြို့သားများနှင့် နံနက်စောစော ခရီးသွားပြည်သူများ ဝမ်းသာစွာဝယ်ယူဖတ်ရှုအားပေးကြသည်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီး လူငယ်ဘော်လီဘောအသင်း အရှေ့တောင်အာရှ ပြိုင်ပွဲဝင်ရန် စင်ကာပူသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

**စင်ကာပူနိုင်ငံတွင် ဇွန် ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် အသက်(၁၉)နှစ်အောက်၊ အရှေ့တောင်အာရှ(လူငယ်) အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်း ခေါင်းဆောင်သော မြန်မာအမျိုးသမီး လူငယ်လက်ရွေးစင် ဘော်လီဘောအသင်းသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုးသိမ်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။** (အောက်ပုံ)

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမောင်ဝင်း၊ အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း၊ နည်းပြများအဖြစ် ဦးမြတ်ချိုဝင်းနှင့် ဦးအုန်းရှိန်၊ ဒိုင်လူကြီးအဖြစ် ဦးလှအောင်၊ အားကစားသမားများအဖြစ် ထက်ထက်လှိုင်၊ ချိုချိုဝင်း၊ စောရတနာဝင်း၊ ဇူးဇူးမောင်၊ အင်ဆန်း၊ အင်စွမ်းစန္ဒာငွေး၊ သန္တာခိုင်၊ ဖြိုးပိုပိုထွေး၊ အေးအေးနု၊ မိုးမိုးစန်းနှင့် ယဉ်နှင်းဖြူ စုစုပေါင်း ၁၇ဦး လိုက်ပါသွားကြသည်။

ပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ရာ (က)အုပ်စု၌ မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ (ခ)အုပ်စု၌ စင်ကာပူ၊ ထိုင်းနှင့် လာအိုတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဇွန် ၂၂ရက်၌ ဗီယက်နမ်၊ ၂၃ရက်၌ မလေးရှားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (ကြေးမုံ)

**✻ အုပ်စု(က)မှ**

ဒါပေမယ့် ပြင်သစ်နဲ့ပွဲမှာတော့ ကစားပုံ၊ ကစားကွက်၊ ကစားအားပါ ကောင်းလာခဲ့ပါတယ်။ နောက်တန်း လုံခြုံမှုက သဘောကျဖို့ကောင်းပါတယ်။ သူတို့ရဲ့ တန်ပြန်တိုက်စစ်တွေဟာ မြန်ဆန်သွက်လက်လွန်းပါတယ်။ ပြင်သစ်နဲ့ ပွဲမှာ အလယ်တန်းက ရော့ဆို၊ ရှေ့တန်းကပါ ရာဆိုတို့ အကောင်းဆုံးခြေစွမ်းပြ ကစားသွားကြတယ်။ နှစ်-တစ်နဲ့ ကိုယ်ကအနိုင်ကစားထားရာကနေ ထရေဇီဂေးရဲ့ လက်ထိဂိုးကြောင့် သရေကျသွားရတာ ခရိုအေးရှားအဖို့ ကံဆိုးတာပဲ။ အင်္ဂလန်နဲ့ ပွဲမှာ ပြင်သစ်နဲ့ ကစားသလိုမျိုး ခြေစွမ်းရလာမယ်ဆိုရင် ခရိုအေးရှားနိုင်ဖို့ အလားအလာရှိပါတယ်”ဟု ခရိုအေးရှား ပရိသတ်တစ်ဦးကပြောသည်။

သို့သော် ခရိုအေးရှား၏ ရှေ့တန်းတိုက်စစ်သည် အားပျော့လှသည်။ ဆွစ်ဇာလန်၊ ပြင်သစ်နောက်တန်းများကို ဖြတ်ကျော်ဂိုးသွင်းနိုင်စွမ်းမရှိသည်ကို တွေ့ရသည်။ ၁၀ ယောက်တည်းကျန်သော ဆွစ်ဇာလန်ကို အူကြောင်းတည့်တည့်မှနေပြီး တစ်သမတ်တည်း ထိုးဖောက်ကစားသည်။ ပြင်သစ်ထံမှရသောနှစ်ဂိုးစလုံးသည် တစ်ဖက်နောက်တန်းညံ့၍ ရခြင်းဖြစ်သည်။ ပိုင်နယ်တီဖြင့် တစ်ဂိုးရသည်။ ဒုတိယဂိုးမှာ ဒက်ဆလီနှင့် ဆီဗက်စတြာတို့ညံ့၍ ရခြင်းဖြစ်သည်။ ၎င်းအခြေအနေကို ကြည့်ခြင်းအားဖြင့် ခရိုအေးရှားသည် မိမိကိုယ်တိုင် စွမ်းဆောင်ထိုးဖောက်ဂိုးသွင်းနိုင်ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။

ခရိုအေးရှားသည် နှစ်ပွဲစလုံးတွင် ကွင်းလယ်စိုးမိုးမှုရအောင် မပြုလုပ်နိုင်ဘဲဖြစ်ခဲ့သည်။ အားနည်းသော ဆွစ်ဇာလန်အသင်းကိုပင် ကွင်းလယ်ချုပ်ပြီး မကစားနိုင်ခဲ့ချေ။ ပြင်သစ်နှင့်ပွဲတွင် ရံဖန်ရံခါလောက်သာ ကွင်းလယ်မှ ဖန်တီးကစားနိုင်သည်။ ထို့ကြောင့် အဝေးမှ လှမ်းပေးခြင်း၊ ဖြတ်ပေးခြင်းဖြင့်သာ ထိုးဖောက်ကစားသည်။ ကွင်းလယ်မှ နီကိုကိုဗက်နှင့် ရော့ဆိုတို့သည် တောင်ပံများမှ လှည့်ပတ်ထိုးဖောက်ကစားခဲ့သည်။ သို့သော် ခရိုအေးရှားသည် နောက်တန်းဖျက်အားကောင်းသည်။ မာလည်းမာသည်။

အင်္ဂလန်အသင်းသည် အင်အားညီမျှသည်။ ရှေ့၊ လယ်၊ နောက်တို့တွင် သင့်တင့်သောအားများရှိသည်။ အင်္ဂလန်နောက်တန်းသည် ယခုအချိန်မှာ စိတ်ချရသော အနေအထားတွင်ရှိသည်။ ကွင်းလယ်မှ လမ်းပတ်၊ ဂျရတ်၊ ပေါလ်စခိုးလ်၊ ဘက်ခမ်းတို့ အားကောင်းသည်။ လမ်းပတ်နှင့် ဂျရတ်တို့သည် ဘယ်ညာလှုပ်ရှားကစားရာတွင် ကောင်းကြသည်။ အင်္ဂလန်သည် အမြင့်ဘောများကို ဖြတ်တင်ကစားခြင်းထက် မြေပြင်မှ ထိုးဖောက်ကစားသည့် နည်းဗျူဟာကို ပိုမိုသုံးစွဲလာသည်။

“ရွန်နေးလေးကတော့ တော်တော်အားကိုးနေရပြီ။ ပြင်သစ်နောက်တန်းတွေကို ဖောက်ထွက်နိုင်စွမ်းရှိတယ်။ ဒီချာတိတ်လေးကို ထိန်းဖို့တော်တော်ခက်တယ်။ သတ္တိလည်းရှိတယ်။ တိုးလည်းတိုးရဲတယ်။ အိုဝင်ကို ရှေ့မှာတင်ထားပြီး သူက အောက်အထိဆင်းပြီး ဘောလုံးယူတယ်။ ကွင်းလယ်ကလူတွေနဲ့တွဲပြီး အလုပ်လုပ်တယ်။ လှုပ်နေတဲ့ရွန်နေးက ဂိုးရအောင်သွင်းလိမ့်မယ်။ နောက်တစ်ချက် ခရိုအေးရှားတွေ ကြမ်းတာနဲ့ ဖရီးကစ်တွေ ရနိုင်တယ်။ အဲဒါတွေကတစ်ဆင့် ဂိုးတွေ အင်္ဂလန်ရသွားနိုင်တယ်။ နောက်ဆုံးခြုံပြောရရင် ဒီပွဲမှာ အင်္ဂလန်အနိုင်ရလိမ့်မယ်။ နောက်ဆုံး သရေဆိုတောင် အုပ်စုတက်ဖို့ သေချာသွားပြီ”ဟု ဘောလုံးဝေဖန်ရေးသမားတစ်ယောက်က အာပေါင်အာရင်းသန်သန်ဖြင့် ပြောပြသည်။

**ဇွန် ၂၂ ရက် (အင်္ဂါနေ့)**
**နံနက် ၁း၁၅ နာရီ**
**ဆွစ်ဇာလန်-ပြင်သစ်**

“ဆွစ်ဇာလန်က အခုမှ တစ်မှတ်ပဲရထားပါသေးတယ်။ ပြင်သစ်က တစ်ပွဲနိုင်၊ တစ်ပွဲသရေဆိုတော့ လေးမှတ်ရထားပါတယ်။ လက်ရှိအနေအထားအရတော့ ဆွစ်ဇာလန်ဟာ အောက်ဆုံးရောက်နေတဲ့အသင်း။ ဒါပေမယ့် ဆွစ်ဇာလန်ရဲ့ ကစားပုံတွေကတော့ ကျေနပ်စရာကောင်းပါတယ်။ ပထမပွဲစဉ်တုန်းက ခရိုအေးရှားကို ၁၀ယောက်တည်းနဲ့ ကစားပြသွားတယ်။ အင်္ဂလန်နဲ့ပွဲတုန်းက ပထမပိုင်းအချိန်တော်တော်များကို ဆွစ်ဇာလန် ဖိကစားထားနိုင်တယ်။ ဒါပေမယ့် ကြာကြာမခံပါဘူး။ အင်္ဂလန်က ကစားကွက်တွေကို ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။ အခု ပြင်သစ်နဲ့ နောက်ဆုံးပွဲကစားရမယ်။ နိုင်ဖို့တော့ မလွယ်ပါဘူး။ လူအား၊ ကစားကွက်၊ ကစားအား တခြားစီဖြစ်ပါတယ်”ဟု ဘောလုံးမိတ်ဆွေ တစ်ယောက်က စာရေးသူကိုပြောပြသည်။

ဆွစ်ဇာလန်သည် များသောအားဖြင့် အဝေးပေးစနစ်များကို အသုံးပြုကစားတတ်သည်။ ကွင်းလယ်မှာ ဟာကန်ရာကင်နှင့် ဆယ်လက်စ်တီနီတို့ နှစ်ယောက်ပဲရှိသည်။ အဓိကအားဖြင့် ရာကင်၊ ရှေ့တန်းမှချာပူဆက်၊ ဖရိုင်းတို့ သုံးယောက်တွဲလောက်သာ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်စွမ်းရှိသည်။ သို့သော် ယခုပွဲတွင် ဆွစ်ဇာလန်သည် မိမိကစားကွက်ကို ပုံဖော်ကစားဖို့ထက်ပြိုင်ဘက် ပြင်သစ်အား ဘယ်လိုထိန်းချုပ်ကစားရမည် ဆိုတာကိုပဲ အာရုံစိုက်ကစားသွားရမည့်သဘောရှိသည်။

ဆွစ်ဇာလန်နောက်တန်း အလယ်ကစားသမားများသည် အားပျော့သည်။ ဒါကြောင့် ကွင်းလယ်ခံစစ်သမားက ပြိုင်ဘက်၏တိုက်စစ်ကိုကြိုပြီး ဖျက်ထုတ်ပေးနေရသည်။ ကွင်းလယ်၏ အားနည်းချက်၊ နောက်တန်း၏ ပျော့ကွက်များကို နည်းပြဆရာဂျာကော့ဘ်ခန်း ပြုပြင်ဖာထေးရန် ခက်ခဲသည်။ လူအင်အားချို့တဲ့သည့်အပြင် ထုတ်ခံထားရသည့် ကစားသမားများကလည်းရှိနေသည်။ ဆွစ်ဇာလန်၏ နောက်ဆုံးနည်းဗျူဟာမှာ ခံစစ်ကို လုံလောက်အောင်ပိတ်ကစားဖို့နှင့် တန်ပြန်တိုက်စစ်ကို အခွင့်ကောင်းယူကစားဖို့ပင်ဖြစ်သည်။

သို့သော်ပြင်သစ်သည် ယခုပွဲတွင်ခံစစ်ကိုအခြေခံ၍ ကစားသွားဖွယ်ရှိသည်။ တိုက်စစ်မှာ နှစ်ယောက်လောက်ပဲ တင်ထားပြီး ကစားလိမ့်မည်။ တစ်ဖက်အသင်း၏ အလယ်ကွင်းဘေးလောက်မှနေပြီး ရှေ့အလယ်လောက်ကို မ,တင်ပေးပြီး တိုက်စစ်သမားများကို ဂိုးသွင်းခိုင်းဖွယ်ရှိသည်။ ဘေးစွယ်များမှ ထိုးဖောက်တတ်သည့် ပြင်သစ်၏ အလေ့အထသည် ဆွစ်နောက်တန်းကို များစွာဒုက္ခပေးနိုင်သည်။ မည်သို့ပင်ဖြစ်စေ ပြင်သစ်သည် ကစားကွက်၊ လူအား၊ အသားစီးမှုကစားရမည်။ တကယ်ကစားလျှင် ပြင်သစ်နိုင်မည်။

သို့သော် “ပြင်သစ်ရဲ့ ဒီပွဲဟာသိပ်တော့အရေးမပါလှပါဘူး။ အုပ်စု(က)ရဲ့ အနေအထားကို ကြည့်ပြီး အရှုံးလည်းကစားနိုင်တယ်။ အနိုင်လည်း ကစားလို့ရတယ်။ သရေလည်း ကစားနိုင်တယ်။ အဲဒီအုပ်စု (က)မှ ကြိုက်တဲ့အသင်းကို ရွေးကစားခွင့်ရှိပါတယ်။ ခင်ဗျားစဉ်းစားကြည့်လေ။ လောလောဆယ် ပြင်သစ်က လေးမှတ်ရထားတယ်။ အင်္ဂလန်သုံးမှတ်ရထားတယ်။ ခရိုအေးရှားက နှစ်မှတ်ရထားတယ်။ အင်္ဂလန်နဲ့ ခရိုအေးရှားအသင်းထဲက ဘယ်အသင်းသရေကျကျ၊ နိုင်နိုင် ပြင်သစ်ကတော့ အုပ်စုတက်မှာပဲ။ အဲဒီတော့ ပြင်သစ်စဉ်းစားရမှာက ဆီမီးဖိုင်နယ်ကို လွယ်လွယ်ကူကူနဲ့ ရောက်ဖို့ အုပ်စု(က)မှ ဘယ်အသင်းနဲ့ ကစားမလဲ ဆိုတာပဲ။ အုပ်စု(က)က ၂၁ရက်နေ့ဆိုရင်အဖြေပေါ်ပြီ။ ဒါကြောင့် ဆွစ်ဇာလန်နဲ့ကစားမယ့် ပြင်သစ်ပွဲရဲ့ ရလဒ်ဟာ အုပ်စု(က)ရဲ့ အဖြေပေါ်မှာ တွက်ကြည့်ရင်ရနိုင်ပါတယ်”ဟု သဘာဝကျကျတွက်ပြသည့် မိတ်ဆွေ၏ မှတ်ချက်ကို သဘောကျမိပါကြောင်း တင်ပြအပ်ပါသည်။ ။

**ယူရို-၂၀၀၄ ချက်နှင့် နယ်သာလန်အသင်းတို့ပွဲတွင် နယ်သာလန်အသင်းအတွက် ဒုတိယဂိုးကို ၁၉ မိနစ်တွင် နစ္စတယ်ရွိုင်း သွင်းယူစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ဝိပဿနာရှုပွားနည်း ဟောပြောပို့ချမည်

**ရန်ကုန် ဇွန် ၂၀**

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးတွင် ဇွန် ၂၄ ရက်မှ ၃၀ရက်ထိ ညနေ ၆နာရီခွဲမှ ၈နာရီထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ဇူလိုင် ၁ရက်မှ ၇ရက်ထိ ညနေ ၆နာရီမှ ၇နာရီခွဲ အထိ ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၆၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၂၀**

မိုးဦးကာလ မြန်မာ့မြင်ကွင်း ကျေးလက်ရှုခင်း သရုပ်ဖော်ပန်းချီဖြင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၂)ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်၍ ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

**(အပေါ်ပုံ)**

မင်းယုဝေ၊ မောင်ဆုရှင်၊ မြင်းမူ မောင်နိုင်မိုး၊ ရန်နိုင်ဦးတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ နုယဉ်၊ ပခုက္ကူ ဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ မကြန်၊ ဒေါက်တာမတင်ဝင်း၊ ဒေါက်တာ လှဖေ၊ လယ်တွင်းသားစောချစ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ချစ်စံဝင်း၊ မောင်ဆန္ဒ (လယ်ဝေး)၊နန္ဒာမိုးကြယ်၊ ဦးဗကလေး၊ မင်းလှဲ့ရီ၊ ပုသိမ်အောင်သန်းဦး၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ မောင်သာမွေး၊ ဆန်းပိုပိုလွင်၊ ပုသိမ်လှကြည်၊ ဇင်၊ ကြွေကြူတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကာတွန်း၊ ဟာသကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။ (က-ပ)

▲ စာမျက်နှာ ၁၁ မှ

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူး၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များ ပက်ဖျန်း၍ မင်္ဂလာရထားပျံဖြင့် စေတီတော် အထွတ်သို့ အစီအစဉ်အလိုက် ပင့်ဆောင်တင်လှူပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ ကိုယ်တိုင် တပ်ဆင် လှူဒါန်းပူဇော်ပေးပြီး စိန်ဖူးတော်အား ရောင်ခြည်တော်ဖွင့်၍ နံ့သာရည်များကိုလည်း ပက်ဖျန်းပူဇော်ကြသည်။

စိန်ဖူးတော် တင်လှူပူဇော်သည်နှင့် အရံစေတီ ရှစ်ဆူ၏ ရွှေထီးတော်များကိုလည်း တာဝန်ရှိသူများက တင်လှူပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အမျှဝေစာတမ်း ဖတ်ကြားသည်။

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်များက နေစက် လစက် စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနား အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

နိုင်ငံတော်နှင့်အတူ တပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ စုပေါင်း လှူဒါန်းမှုများဖြင့် ဤနေစက်လစက်စေတီတော်အား ဉာဏ်တော်အမြင့် ၁၁၁ ပေ အမြင့်ဆောင်သည့် စေတီတော်အဖြစ် တည်ထားကိုးကွယ်ကြခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စုအလိုက် ပြိုင်ပွဲဝင်အသင်းများ၏ (၂၀-၆-၂၀၀၄)နေ့အထိ အခြေအနေပြဇယား

| အုပ်စု(က) | ကစားပြီး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဂရိ | ၂ | ၁ | ၁ | ၀ | ၃ | ၂ | ၄ |
| စပိန် | ၂ | ၁ | ၁ | ၀ | ၂ | ၁ | ၄ |
| ပေါ်တူဂီ | ၂ | ၁ | ၀ | ၁ | ၃ | ၂ | ၃ |
| ရုရှား | ၂ | ၀ | ၀ | ၂ | ၀ | ၃ | ၀ |

| အုပ်စု(ခ) | ကစားပြီး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ပြင်သစ် | ၂ | ၁ | ၁ | ၀ | ၄ | ၃ | ၄ |
| အင်္ဂလန် | ၂ | ၁ | ၀ | ၁ | ၄ | ၂ | ၃ |
| ခရိုအေးရှား | ၂ | ၀ | ၂ | ၀ | ၂ | ၂ | ၂ |
| ဆွစ်ဇာလန် | ၂ | ၀ | ၁ | ၁ | ၀ | ၃ | ၁ |

| အုပ်စု(ဂ) | ကစားပြီး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဆွီဒင် | ၂ | ၁ | ၁ | ၀ | ၆ | ၁ | ၄ |
| ဒိန်းမတ် | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၄ |
| အီတလီ | ၂ | ၀ | ၂ | ၀ | ၁ | ၁ | ၂ |
| ဘူလ်ဂေးရီးယား | ၂ | ၀ | ၀ | ၂ | ၀ | ၇ | ၀ |

| အုပ်စု(ဃ) | ကစားပြီး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ချက် | ၂ | ၂ | ၀ | ၀ | ၅ | ၃ | ၆ |
| ဂျာမနီ | ၂ | ၀ | ၂ | ၀ | ၁ | ၁ | ၂ |
| နယ်သာလန် | ၂ | ၀ | ၁ | ၁ | ၃ | ၄ | ၁ |
| လတ်ဗီးယား | ၂ | ၀ | ၁ | ၁ | ၁ | ၂ | ၁ |

## ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများဝယ်ယူရန်

## တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းစာစက္ကူများကို ဝယ်ယူလိုပါသည်–

| | | |
|---|---|---|
| (က) သတင်းစာစက္ကူ | (48.8 Gsm) ($28\frac{1}{4}$"/ 34"/40" Width) | ၁၄၀၀ တန် |
| (ခ) သတင်းစာစက္ကူ | (48.8 Gsm) (30" Width) | ၁၈၀၀ တန် |
| (ဂ) သတင်းစာစက္ကူ | (48.8 Gsm) (34" Width) | ၁၃၅ တန် |

၂။ တင်ဒါပေးသွင်းမှုကို (၃၀–၆–၂၀၀၄)ရက် (၁၆း၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုရွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။**


MMBox
MYANMAR MEDIA BOX
RICH MEDIA IN ONE BOX
Euro 2004
တစ်ပြိုင်နက် တိုက်ရိုက် (Live)
အထူးအစီအစဉ်

ဟွှမ်းမိုးသူ
ခရီးဆောင်သေတ္တာ(Laggage) နှင့်
လွယ်အိတ်များ(Slingbag)၊ ဘေးလွယ်အိတ်များကို
Shop (1) No. G1-2
Shop (2) No. A, 11.12
Shop (3) No. SP 6, 8

ပြည်မြို့ မြလေးရုံတံတားပြုပြင်တည်ဆောက်ရေးအတွက် ခိုင်သဇင် လက်ဖက်ခြောက်လုပ်ငန်းရှင် ဦးကျော်ညွန့်၊ ဦးဘကျော်တို့မှ မိခင်ကြီး ဒေါ်လှရင်အား ဦးထိပ်ထားလျက် အလှူငွေကျပ် ၁၅၀၀၀၀ ကို မြလေးရုံကျောင်းတိုက် ဆရာတော်ထံလှူဒါန်းစဉ်။

(က–ပ)


**ဖခင်အမည်မှန်**

သာကေတမြို့ အလက(၂) သတ္တမတန်း(A)မှ မအေးသီရိအောင်၏ ဖခင်အမည်မှန်မှာ ဦးချင်ရွှေမိန်း [TKA–၀၀၉၅၈] ဖြစ်ပါကြောင်း။ **ဦးချင်ရွှေမိန်း။**

FAME GANOCAN®
လင်းဇီးဆေးတောင့်

မင်းခိုက်စိုးစန်
ကျွန်တော်နှင့် နယ်မြေဆဲဆိ
ထွက်ပြီ

ယခင် ဟိတိမုန့်ဆိုင် ကို
နေးစန်းသည် မုန့်ဆိုင်
S.S.Y Confectionery
ဦးလှစိန် + ဒေါ်စန်းစန်းသည်
☎ : 226350, 228094, 09-99-22136


## နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၅) ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၀**

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၅)ကို ယနေ့ (တနင်္လာနေ့) ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(အောက်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ရေအောက်သတ္တလောကနှင့် သယံဇာတ စူးစမ်းမှု၊ ဒိန်းမတ်ဘုရင့်နိုင်ငံအကြောင်း သိကောင်းစရာ၊ အိုင်အေအီးအေ၏ ဆုံးဖြတ်ချက်မူကြမ်းကို လက်မခံသည့်သမ္မတခါတာမီ၊ ဆားစ်ရောဂါကာကွယ်ဆေးစမ်းသပ်မှု၊ ဂျပန်တော်ဝင်မိသားစု အတွင်းရေး၊ အိန္ဒိယ–ပါကစ္စတန် ငြိမ်းချမ်းရေးအလားအလာ၊ အီရတ်ရေနံလုပ်ငန်း အခက်အခဲများ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဆွေးနွေးပွဲ၊ စီအိုင်အေ၏ သူလျှိုလုပ်ငန်း၊ ဝိညာဉ်လောက သရုပ်ဖော်ပန်းပုဆရာ၊ နိုင်ငံတကာဟာသ၊ ကိုရီးယား စစ်မဲ့ဇုန်မှ အပြောင်းအလဲများ၊ ဗီဇာကန့်သတ်မှုကြောင့် အမေရိကန်စီးပွားရေး နစ်နာ၊ ယုံချင်ယုံမယုံချင်နေ၊ ပန်ဒါဝက်ဝံသတင်းကောင်း၊ ဆန်စပါးဈေးကွက်၊ ဘေးဥပဒ်ဆိုက်နေသော ဝေလငါးများ၊ ဗီဂျီကား (သို့မဟုတ်) ဟင်းရွက်ဆီနှင့်မောင်းသောကား၊ အာရှ–ပစိဖိတ်ဒေသ စီးပွားရေးခန့်မှန်းချက် စသည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

## အိုင်ဒီယာမဂ္ဂဇင်း ဇူလိုင်လအတွက်ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၀**

တာရာမင်းဝေ၊လွန်းထားထား၊ မနော်ဟရီ၊ မောင်ထွန်းသူ၊ နေဝင်းမြင့်၊ ဖေမြင့်၊ မောင်စူးစမ်း၊ ချစ်ဦးညို၊ ဒေါက်တာကျော်စိန်၊ တင့်လတ်သန္တာဗိုလ်၊ စိုးသိဏ်း၊ ဇေရတ်၊ သီတာရေစင်၊ မမဥ္ဇူ၊ ရူပါသိမ်း၊ ကိုကိုကြီးကျယ်၊ မြတ်ခိုင်၊ ကံချွန်၊ စောဝေတို့၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဖက်ရှင်အလှပုံရိပ်တို့ဖြင့် နှစ်ဆယ့်တစ်ရာစုခေတ်၏ သုတ၊ ရသ၊ အတွေးအမြင်များအား ဖွဲ့စည်းထင်ဟပ်ထားသော ဇူလိုင်လထုတ် "IDEA" မဂ္ဂဇင်းကို နှစ်ပတ်လည်အထူးထုတ်အဖြစ် အမှတ် ၁၂၇ မြေညီထပ် (၄၃)လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။(က–ပ)

**ကွယ်လွန်သူ ဦးတင်နွယ်–ဒေါ်ခင်ခင်မျိုးတို့အား ရည်စူး၍ ကျန်ရစ်သူ တူ၊ တူမများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင်အတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို ဇွန် ၁၆ရက်က လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းလက်ခံယူစဉ်။**

(က–ပ)

## မြန်မာနယူးစ်ဂေဇက် အတွဲ(၁)၊ အမှတ်(၆)ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၀**

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက် ဂျာနယ် အတွဲ(၁)၊ အမှတ်(၆)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ်ဂျာနယ်တွင် အိန္ဒိယမှဒီဇယ်များ ဇူလိုင်လတွင် မြန်မာနိုင်ငံ စတင်တင်ပို့မည်ဆို၊ အာဆီယံမယ်ရွေးချယ်ပွဲ ၂၀၀၅ သို့ ပြောင်းရွှေ့၊ မြန်မာ–ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုမြှင့်တင်ရေး ရန်ကုန်၌ ဆွေးနွေးမည်၊ နိုင်ငံခြားသင်္ဘောသားများ နိုင်ငံခြားငွေတရားဝင် ထုတ်ယူကိုင်ဆောင်နိုင်မည်၊ ရှောပင်းမောလ်ပေါ်ဟိုတယ် ဖွင့်လှစ်မည်၊ ချင်းတွင်းမြစ်ကြောင်းသွား အဆင့်မြင့် အထူးအမြန်ရေယာဉ်များ စသည့် ပြည်တွင်းပြည်ပ စီးပွားရေးရာ သတင်းများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားကာ ဖုန်း–၇၀၃၈၀၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (က–ပ)


MIT Mid Year Promotions
BizAcc
MultiPOS
R-POS
PayMaster Life
Software Ks-150000
Software Ks-90000

ဝေဝေအောင်
လိပ်ပြာကျိန်စာ
ထွက်ပြီ

ရွှေအင်ကြင်းရိပ်မွန်အဆင့်မြင့်အိမ်ရာ
ယခုဝယ် ယခုအသင့်နေနိုင်သော
အဆင့်မြင့်တိုက်ခန်းကျယ်များ
Golden Flower Co., Ltd
အမှတ်(၂၁၄)၊ ဝါးတန်းလမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်
ဖုန်း- ၂၂၁၀၂၅၊
၂၂၁၀၂၅၇
၂၂၁၀၂၆၆။
ဘုရင်မ
ရွှေအင်ကြင်းရိပ်မွန်
Master Bed (၁)ခန်း
Bedroom (၂/၃)ခန်း
"အမြတ်ခွန်ကို ရောင်းချသူမှပေးဆောင်ပါမည်။"
V-Pile Foundation၊ PABX, Wall Paper


Golden Flower Co., Ltd. က
ဆောက်လုပ်နေတဲ့ အသစ်စက်စက်
ရွှေသပြေရိပ်မွန်အိမ်ရာ
နေရေးစိတ်အေးစေရမယ့် ကိုယ်ပိုင်ခြံနှစ်ထပ်လုံးချင်းတိုက်များ၊ လမ်းမတန်းသုံးထပ် Shop House တစ်လုံးချင်း၊ တစ်လွှာချင်းများ
ရွှေသပြေ
ရိပ်မွန်အိမ်ရာ
Hollow
ဝေတင် ရောင်းချနေပြီ
အရောင်းဆိုင်း- Golden Flower Plaza
(အမြတ်ခွန်ကို ရောင်းချသူမှ ပေးဆောင်ပါမည်။)

# SHARP SHOW ROOM ဖွင့်လှစ်ခြင်း






# United Vision

မျက်စိဆေးခန်းနှင့် မျက်မှန်ဆိုင်

Titanium သတ္တုသားနှင့်ပြုလုပ်ထားတဲ့ Branded ကိုင်းမျိုးစုံရရှိနိုင်ပါသည်။



# KMD Computer Centre

Year 1 [IDCS/IDEC]

28 June 2004

(1:00-5:00)

Mon to Fri

Further Studies

Year One IDCS/IDEC → Year Two IAD → Year Three BCIS

မူပိုင် – စစစ ၊ ရန်ကုန်တိုင်း

# ငွေလဝန်းအခြေမဲ့(၂)
